ရောဂါတိုင်းအတွက်အာနိသင်ထူးတဲ့

# ကြက်သွန်ဖြူ

၏



# စွမ်းဆောင်ချက်


ပြန်ဆိုသူ - မော်လာနာ မုဟမ္မဒ် အိဗ်ရာဟီးမ် (ရေနီ) မဟ်မူဒီ

စီစဉ်သူ - မော်လဝီ ဟာဖိဇ် မုဟမ္မဒ် ဇုဗိုင်းရ် (ပျဉ်းမနား) မဟ်မူဒီ

သို့

---------------------

---------------------

---------------------

အတွက်

အမှတ်တရ

လက်ဆောင်မွန်

မှ

---------------------

---------------------

---------------------

မကြာမီထွက်မည့်ဆေးစာအုပ်များ

*********

# နွယ်မြက်သစ်ပင် ဆေးဘက်ဝင်

## အစာလည်းဆေး ဆေးလည်းအစာ

ရောဂါတိုင်းအတွက် အာနိသင်ထူးတဲ့

# ကြက်သွန်ဖြူ

၏

# စွမ်းဆောင်ချက်


ပြန်ဆိုသူ

မော်လာနာ မုဟမ္မဒ်အိဗ်ရာဟီးမ် (ရေနီ) မဟ်မူဒီ

စီစဉ်သူ

မော်လဝီ ဟာဖိဇ် မုဟမ္မဒ်ဇိုဗိုင်းရ် (ပျဉ်းမနား) မဟ်မူဒီ

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကြက်သွန်ဖြူနှင့်မိတ်ဆက်ခြင်း | ၁ |
| ၂ | ကြက်သွန်ဖြူ၏အမျိုးအစား | ၂ |
| ၃ | ကြက်သွန်ဖြူသည် နှလုံးအတွက် အစွမ်းထက်ခြင်း | ၅ |
| ၄ | ထူးခြားသည့်အာနိသင်များ | ၁၂ |
| ၅ | ကြက်သွန်ဖြူ၏ဆိုးကျိုးများ | ၁၃ |
| ၆ | ဦးခေါင်းပိုင်းဆိုင်ရာရောဂါများ | ၁၃ |
| ၇ | ခေါင်းကိုက်ခြင်း | ၁၄ |
| ၈ | ခေါင်းတစ်ခြမ်းကိုက်ရောဂါ | ၁၄ |
| ၉ | ခေါင်းတစ်ခြမ်းကိုက်ရောဂါ အနံ့ဘွယ်ပျောက်ဆေး | ၁၄ |
| ၁၀ | မူးဝေပြီးကိုက်သော ခေါင်းကိုက်ရောဂါ | ၁၅ |
| ၁၁ | နှာဆေးနှာပိတ်လျှင် | ၁၆ |
| ၁၂ | မျက်နှာတစ်ခြမ်းကိုယ်တစ်ခြမ်း တစ်ကိုယ်လုံး လေဖြတ်လျှင် | ၁၆ |
| ၁၃ | ဆီးရ် (ကြက်သွန်ဖြူ) တေဆေး | ၁၇ |
| ၁၄ | အသုံးပြုနည်းနှင့်အကျိုးကျေးဇူး | ၁၈ |
| ၁၅ | အစွမ်းထက်သောလိမ်းဆေးဆီ | ၁၈ |
| ၁၆ | ကိုယ်တစ်ခြမ်းသေရောဂါသည် အတွက်ဆေးနည်း | ၁၈ |
| ၁၇ | အနံ့ဖွယ်ဆေးနည်းတနည်း | ၁၉ |
| ၁၈ | ကိုယ်တစ်ခြမ်းသေနှင့်မျက်နှာတစ်ခြမ်း သေရောဂါအတွက် အနံ့ဖွယ်မှုဝိုင်း | ၁၉ |
| ၁၉ | သွက်ချာပါဒရောဂါ | ၂၀ |
| ၂၀ | ကြက်သွန်ဖြူအဆီ | ၂၁ |

# မာတိကာ



| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁ | သွားနှင့်နားရောဂါများ | ၂၂ |
| ၂၂ | သွားပိုးထိုးခြင်း | ၂၂ |
| ၂၃ | သွားကိုက်ခြင်း | ၂၂ |
| ၂၄ | သွားဖုံးမှပြည်ယိုခြင်း | ၂၂ |
| ၂၅ | နားရောဂါများ | ၂၃ |
| ၂၆ | လွယ်ကူသော ဆေးနည်းတစ်ခု | ၂၃ |
| ၂၇ | နား၌အနာပုပေါက်ခြင်း | ၂၄ |
| ၂၈ | နားပြည်ယိုခြင်း | ၂၄ |
| ၂၉ | အစွမ်းထက်သည့်ဆီ | ၂၄ |
| ၃၀ | နားပင်းလျှင် | ၂၅ |
| ၃၁ | အဆုတ်ရောဂါများနှင့် ကြက်ညှာချောင်းဆိုး | ၂၆ |
| ၃၂ | အံ့အားသင့်ဖွယ်ဆေးမြီးတို | ၂၆ |
| ၃၃ | ပန်းနာအတွက်အစွမ်းထက်သည့်ဆေး | ၂၇ |
| ၃၄ | အစာအိမ်အူနှင့်သရက်ရွက်ရောဂါများ | ၂၉ |
| ၃၅ | အစာမကြေခြင်း မဆာခြင်း | ၂၉ |
| ၃၆ | အန်ခြင်း | ၂၉ |
| ၃၇ | နံရိုးအောက်နာကျင်နာ | ၃၀ |
| ၃၈ | ဝမ်းဗိုက်ပိုးများ | ၃၀ |
| ၃၉ | သရက်ရွက်ရောင်ခြင်း | ၃၀ |
| ၄၀ | ဝမ်းဗိုက်နာခြင်း | ၃၁ |
| ၄၁ | အံ့ဖွယ်ဝမ်းနုတ်ဆေး | ၃၁ |
| ၄၂ | လိပ်ခေါင်း | ၃၂ |
| ၄၃ | သားရေပြားနှင့်အဆစ်အမြစ်ရောဂါများ | ၃၂ |
| ၄၄ | ယားနာ | ၃၃ |
| ၄၅ | ပွေး၊ ယားနာအဖုများ | ၃၃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆ | အပူနာပုများ | ၃၃ |
| ၄၇ | ဆံပင်ကျွတ်ခြင်း | ၃၄ |
| ၄၈ | သမင်ဖြူ (ခရုသင်း) ရောဂါ | ၃၄ |
| ၄၉ | သမင်ဖြူကိုအပြင်မှကုသမှု<br>သမင်ဖြူပျောက်ဆေးဆီ | ၃၅ |
| ၅၀ | ကြက်သွန်ဖြူကတခု အကျိုးက<br>မရေတွက်နိုင် | ၃၆ |
| ၅၁ | အဆစ်အမြစ်နာ | ၃၇ |
| ၅၂ | ကြက်သွန်ဖြူဟာလဝါ | ၃၇ |
| ၅၃ | လိမ်းဆေးဆီ | ၃၈ |
| ၅၄ | အမျိုးသား/သမီးတို့၏သီးသန့်ရောဂါများ | ၃၉ |
| ၅၅ | ကာမအားအတွက်စားဆေးများ | ၃၉ |
| ၅၆ | တက်ကြွအားတိုးဆေး | ၄၀ |
| ၅၇ | ဆီးရုံတေဆေး | ၄၀ |
| ၅၈ | ကွရှိသာအားဆေးများ | ၄၁ |
| ၅၉ | ပန်းသေလိမ်းဆေး | ၄၁ |
| ၆၀ | အစွမ်းထက်သည့်လိမ်းဆေးတစ်မျိုး | ၄၂ |
| ၆၁ | အကြောများမှအရည်ထုတ်ပစ်နည်း | ၄၂ |
| ၆၂ | ကိုယ်ဝန်ရှိမရှိသိနိုင်ရန် | ၄၃ |
| ၆၃ | ဓမ္မတာစီးဆင်းရန် | ၄၃ |
| ၆၄ | ဆေးနည်းပေါင်းစုံ | ၄၄ |
| ၆၅ | မြွေဆိပ် | ၄၄ |
| ၆၆ | မြွေဆိပ်ဖြေဆေး | ၄၅ |
| ၆၇ | မြွေကင်းအဆိပ်ဖြေဆေး | ၄၅ |
| ၆၈ | လွယ်ကူသောကင်းဆိပ်ဖြေဆေး | ၄၅ |

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆၉ | ခွေးရူးကိုက်လျှင် | ၄၆ |
| ၇၀ | မြွေပါကိုက်အဆိပ်ဖြေဆေး | ၄၇ |
| ၇၁ | မျှော့ကိုက်လျှင် | ၄၇ |
| ၇၂ | ဝမ်းရောဂါပလိပ်ရောဂါနှင့်ရာသီဖျား | ၄၇ |
| ၇၃ | အဖျား | ၄၈ |
| ၇၄ | သန်းများ | ၄၈ |
| ၇၅ | ကြီးမားအစွမ်းထက်အဆိပ်ဖြေဆေး | ၄၈ |
| ၇၆ | ဘောကြီးရောဂါအတွက်<br>မခွဲဆိပ်ရဘဲကုနည်း | ၄၈ |
| ၇၇ | လေးဘက်နာ၊ အဆစ်အမြစ်ကိုက်ခဲနာ | ၄၉ |
| ၇၈ | ကွရ်သာကျားသ် (အားဆေးများ) | ၅၀ |
| ၇၉ | ကန့်နှင့်ပြဒါးရော၍ဖော်စပ်ထားသော<br>သတ္တုတစ်မျိုး | ၅၀ |
| ၈၀ | ကာမအားတိုးဆေး | ၅၁ |
| ၈၁ | ရှန်ဂရဖ်ဆီ | ၅၂ |
| ၈၂ | ကွရ်သာစင်မ်မွလ်ဖါရ်း | ၅၂ |
| ၈၃ | سم الفار ကွရ်သာလုပ်နည်း | ၅၃ |
| ၈၄ | ကန့်ဆီ | ၅၄ |
| ၈၅ | ကန့်မှဆီထုတ်နည်း | ၅၅ |
| ၈၆ | كشته ابرك سياه | ၅၅ |
| ၈၇ | ကွရ်သာမြေနီရွက် | ၅၆ |
| ၈၈ | နောက်ဆုံးလက်ဆောင်တစ်ခု | ၅၇ |

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ۝

# ကြက်သွန်ဖြူနှင့်မိတ်ဆက်ခြင်း

## အမည်အမျိုးမျိုး

| | | |
|---|---|---|
| အုရ်ဒူ | – | လဲဟ်စွန်း |
| ဘန်ဂလာ | – | ရှုရားန် |
| ပန်ချာဗီ | – | ထူးမ် |
| ပရှ်သိုး | – | အိုဂါး |
| ဗလူကျိုး | – | ထူးမ် |
| စင်နှ်ဒီး | – | ထူးမ် |
| အင်္ဂလိပ် | – | ဂါးရ်လစ်က် |
| အရ်ဗီ | – | စူးမ် |
| ဖါရ်စီ | – | ဆီးရ် |
| သက်ရိုက် | – | လစူနဒ် |
| ဟင်န်ဒီ | – | လဲဟ်စူးန် |
| မရ်ဟတီး | – | လစူးန် |
| ဂွဂ်ျရာသီး | – | လဲဟ်စွန်း |
| လာတီနီး | – | အီလီယမ်စီတီဝမ် |

# ကြက်သွန်ဖြူ၏အမျိုးအစား

**အများသုံးကြက်သွန်ဖြူ**

ၚင်းတွင်များစွာသောအမြွှာ(အတက်)များ ရှိလေသည်။

**ဥတစ်လုံးကြက်သွန်ဖြူ**

ၚင်းသည်ကြက်သွန်နီကဲ့သို့ပင် ဥတစ်လုံးတည်း ရှိသည်။ အမြွှာမပါချေ။ ၚင်းသည် အများသုံးကြက်သွန်ဖြူ ထက်ပို၍အကျိုးပေးလေသည်။ ဈေးလည်းကြီးလေသည်။

**ကြက်သွန်ဖြူ၏သဘာဝ**

တတိယအဆင့် အပူနှင့်ခြောက်သွေ့သောသဘာဝရှိ၍ အရောင်ကအဖြူ။ အရသာမှာ စပ်၍ခါးသက်သက်ဖြစ်လေသည်။

**ထွက်ရှိရာဌာန**

အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံနှင့် နေရာတိုင်းနီးပါးတွင် ထွက်ရှိလေသည်။

**ကြက်သွန်ဖြူ၏ရာဇဝင်**

စစ်မှန်သောအရှင်၏ ကုဋ္ဌေကုဋ္ဌာသောကျေးဇူးတော်များအနက်မှ ကြက်သွန်ဖြူသည်အကောင်းဆုံးသောကျေးဇူးတော်တစ်ပါးဖြစ်ပါသည်။ ၚင်းကျေးဇူးတော်ကို ကျွန်ုပ်တို့တစ်တွေကမသိမှုကြောင့် အရေးမပါသောအရာ

ဟုမှတ်ယုံတင်မဟုတ်ပါ၊ အန္တရာယ်ပစ္စည်းဟုပင်ထင်မှတ်နေကြသည်။ ဟင်ဒီလူမျိုးတို့သည် ကြက်သွန်ဖြူအသုံးပြုခြင်းကိုပင် ဟင်ဒီဖြစ်ခြင်းအပေါ်အမဲစက်တခုဟု ထင်မှတ်ယူဆကြသည်။ ဤသည်မှာ သူတို့၏တခြားသောဘာသာရေးအထင်အမြင် တစ်ခုကဲ့သို့ပင်ဖြစ်သည်။

ဟင်ဒီလူမျိုးတို့အတွင်း ကြက်သွန်ဖြူနှင့်ပတ်သက်၍ အံ့ဖွယ်ထင်မြင်ချက်တခု အစဉ်အလာအရရှိနေသည်။ __ဂေရုဍ်__ က __အင်ဒါရ်__ ထံမှ __အမ်ရစ်သ်__ ကိုလုယူလိုက်ရာ __အမ်ရစ်သ်__ အစက်တစ်စက် မြေပေါ်သို့ကျသွားလေသည်။ ထိုအစက်မှ ဤကြက်သွန်ဖြူပေါက်ဖွားလာခြင်းဖြစ်သည်။ ၂၀–ရာစုအစမှာပင် ကြက်သွန်ဖြူကိုဆေးပညာအရ အကျိုးရှိသောအရာအဖြစ်သတ်မှတ်ခဲ့ကြသည်။ သိပ္ပံဆရာတို့ကဆိုကြသည်မှာ ကြက်သွန်ဖြူနှင့်အနီတို့၏အခိုးအငွေ့သည် တီဖီယူကာကပ်စ် တိုက်ဖစ်နှင့်တခြားသောပိုးများကိုလွယ်ကူစွာပင်သေစေနိုင်ကြောင်း ကြက်သွန်နီပိုး၏အကျိုးရှိမှုကို အမေရိကန်နိုင်ငံသား ကဲမ်စစ်ထိ အီဒ်ဝါးဒ်က်ဖ်ကိုဟမန်းသိရှိသောအခါ ၎င်းကထပ်မံ၍ ကြက်သွန်ဖြူသည် အဆိပ်ပိုးများကို ဤမျှလျင်မြန်စွာသေစေသည်မှာ မည်သည့်ဓါတ်ကြောင့်ဖြစ်သနည်း၊ စူးစမ်းလေ့လာနေရင်း ၎င်းသည်ထိုင်ယာဒီဖိုက်ဒ်အမည်ရှိ ဓါတ်တစ်မျိုးက ပိုးအဆိပ်များကိုသေစေကြောင်းတွေ့ရှိရလေသည်။ ခရစ်သက္ကရာဇ် (၁၉၂၆) ခုနှစ်တွင် မြူးနစ်မြို့မှ သုတေသနအင်စတီကျူတ်၏ ကျော်ကြားသောသိပ္ပံပညာရှင် ဟင်နရီဖို့ဒ်က အကြောင်းအရာတခု ရေးထားသည်

မှာ ကြက်သွန်ဖြူသည် စင်စစ်တံခိုးတော်ရှင်ကပေးထား သောနေ့အိမ်မယ်တခုဖြစ်သည်။ ၎င်းကိုအစဉ်အမြဲအသုံး ချနေပါက ဦးနှောက်၊ စိတ်နှလုံးနှင့် ခန္ဓာကိုယ်တွင်တိုး တက်မှုရရှိနေမည်။ ဆက်တိုက်အသုံးပြုပါက ကိုယ်ခန္ဓာ တွင်တိုးတက်မှုရရှိလာမည်။ သွေးသန့်ရရှိမည်။

ဤသို့ပင်နယူးယောက်မြို့၏ကျော်ကြားသော ဆရာဝန် ပိုဒဲလ်စကီးကလည်း ကြက်သွန်ဖြူကိုချီးကြူး ပြောဆိုရာတွင် အမြဲလျှာသွက်လှပေသည်။ အားလုံးထက် ပို၍ထူးကဲပါက မန်ချက်စတာဆေးတက္ကသိုလ် အီဆူရှင်း၏ ခေါင်းဆောင် ဆရာဝန်ဘရီဒ်ကလေးက ကြက်သွန်ဖြူနှင့် ပတ်သက်၍ပြောပြသည်မှာ ကြက်သွန်ဖြူသည် ဦးနှောက် ပိုင်းဆိုင်ရာရောဂါတို့အတွက် အလွန်အကျိုးရှိသည်။ ၎င်းက ကြက်သွန်ဖြူကို ဆေးကြီးဟုပင်အမည်ပေးသည်။ ယူနာနီနှင့်ရောမနိုင်ငံသားတို့သည်လည်းကောင်း၊ အာ ဖရိကတိုက်သားလူရိုင်းတို့သည်လည်းကောင်း၊ ကာလ အတန်ကြာကပင် ကြက်သွန်ဖြူကို အသုံးပြုနေကြသည်။ ထိုအကြောင်းကြောင့်ပင် ၎င်းတို့ကိုလောကတွင်အကောင်း ဆုံးကျန်းမာရေးရရှိကြသူများဖြစ်ကြသည်ဟု သတ်မှတ်ကြ သည်။

ကြက်သွန်ဖြူနှင့်ပတ်သက်၍ လစဉ်ထုတ်စာ စောင် ဟမ်ဒရ်ဒ်စွေဟာသ်၏ဧပြီလထုတ် (၁၉၇၂)စာစောင် တွင် အလွန်အရေးပါအသုံးဝင်သောအကြောင်းအရာတစ် ခုရေးထားသည်။ အလွန်အကျိုးရှိသဖြင့် ဟမ်ဒရ်ဒ်စွေ ဟာသ်၏ခွင့်ပြုချက်ဖြင့် စာရှုသူတို့အားတင်ပြပါသည်။

# ကြက်သွန်ဖြူသည် နှလုံးအတွက် အစွမ်းထက်ခြင်း

ကြက်သွန်ဖြူနှင့်ပတ်သက်၍ ဆေးဘက်တွင် အသုံးဝင်ကြောင်း ရှေးကျသောဆရာဝန်များက ဖော်ထုတ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ယနေ့ခေတ်ရှိစမ်းစစ်သော သုတေသီတို့ကလည်း အလားတူပင်ဝန်ခံပြောဆိုကြသည်။ ထိုထက်ပင်ပိုတောင်ပိုပေသည်။ ထို့ကြောင့်ပင် အနောက်နိုင်ငံသားတို့က ကြက်သွန်ဖြူအတုံးလေးများ အထုပ်လေးများထုပ်ကြလေသည်။ စားသုံးသူများ ၎င်း၏အနံ့အသက်ပင်မရစေရန် စီမံထားကြသည်။

စာရှုသူများအနေဖြင့် ကြက်သွန်ဖြူဆေးဘက်အသုံးဝင်ပုံကို ယခုမှသိရှိကြခြင်းဖြစ်သည်ဟု ထင်ကောင်းထင်ကြမည်။ ဤသို့မဟုတ်ပါ၊ အနောက်ဘက်နိုင်ငံများတွင်လည်း ဤရာစုနှစ်စသည်နှင့်အတူ ကြက်သွန်ဖြူသည် အမြင်အားဖြင့်သာမန်ပစ္စည်းတခု ဟင်းချက်ရာတွင်သုံးရသောအရာတစ်ခုဖြစ်သော်လည်း ဆေးဘက်တွင် အလွန်အကျိုးထူးကြောင်းသိရလေသည်။ သတင်းစာများက လည်းစာလုံးကြီးကြီးဖြင့် သတင်းရေးသားကြသည်။ ပမာအားဖြင့် ပဲရစ်တွင်ကြက်သွန်ဖြူကို နှစ်ရက်ဆက်တိုက်အသုံးပြုခြင်းဖြင့် သွေးဖိအား(၁၀)မှ (၄၀)မီလီဂရမ်ထိ ကျဆင်းသွားလေသည်။ ခရစ်နှစ်(၁၉၂၂) တရုတ်ပြည် ကြက်သွန်ဖြူတွင်ပိုးကောင်းများကို သေစေနိုင်သော အာနိသင်ပါသည်။

ခရစ်နှစ်(၁၉၂၃) ဂျာမနီအတွေ့အကြုံအရ ကြက်သွန်ဖြူဖြင့် သွေးတိုးဖိအားခံစားနေရသောရောဂါသည် (၂၀) အားကုသရာ (၁၉) ယောက်သည် ကျမ်မာသွားလေသည်။

ဂျပန်နိုင်ငံတွင် ယုံသတ္တဝါပေါ်စမ်းသပ်ကြည့်ချက်အရ ကြက်သွန်ဖြူသည် သွေးတိုးဖိအားကျဆင်းသွားကြောင်းသိရသည်။ (၁၉၃၀) ခု တောင်အမေရိကတိုက် ကြက်သွန်ဖြူဆေးထိုးပေးခြင်းကြောင့် (၁၀)ဦးသောသူတို့၏သွေးတိုးရောဂါတွင်(၃၀)မှ (၅၀)မီလီမီတာထိရော့ကျသွားကြောင်းသိရလေသည်။ (၁၉၃၁) ခု အင်္ဂလန်နိုင်ငံ၊ ကြက်သွန်ဖြူအကူအညီဖြင့် ရောဂါသည်(၂၅)ဦး၏သွေးတိုးမှုကို သာမန်အဆင့်သို့ချပေးနိုင်ခဲ့သည်။ (၁၉၃၂) ခု ဆွီဒင်နိုင်ငံ၊ ကြက်သွန်ဖြူကို ပိုလီယိုရောဂါကိုတားဆီးရန် အောင်မြင် စွာအသုံးပြုနိုင်ခဲ့သည်။

(၁၉၃၄) ခုနှစ် ဘရာဇီးလ်၊ ကြက်သွန်ဖြူဖြင့် ရောဂါ သည်(၃၀၀)ကို အူနှင့်ဆိုင်သောရောဂါပေါင်းစုံမှ လုံးဝကင်းစင်စေခဲ့သည်။ ထိုထဲတွင် ဝမ်းရောဂါလည်းပါသည်။ (၁၉၄၈) ခုနှစ် ဤဖော်ပြပါသတင်းအားလုံးသည် လက်ရှိရာစုနှစ်၏သတင်းဖြစ်ပါသည်။ သို့သော် အံ့ဘွယ်ကောင်းတာက ရှေးယခင်နှစ်ပေါင်းနှစ်ထောင်အရင်က ဆေးကုဆရာဝန်တစ်ဦး တစ်ယောက်ကိုမှ မအံ့သြစေပါ၊ အဘယ်ကြောင့်ဆိုသော် ဤသို့သောသတင်းစကားသည် ၎င်းတို့အတွက် သာမန်အဆင့်မှာပင်ရှိသည်။ အဘယ်ကြောင့်ဟူမူ ကြက်သွန်ဖြူ၏အံ့ဘွယ်အကျိုးသက်ရောက်

မှုကို သိထားကြသည်။ ဤသတင်းမျိုး၎င်းတို့ကြားလျှင် အေးအေးဟုတ်တယ်၊ မှန်တယ်ဟူ၍သာခေါင်းညိတ်ရုံ ညိတ်မည်။ ကြက်သွန်ဖြူမှာဤသို့အာနိသင်တွေရှိတယ်ဆိုတာ ငါတို့သိပါတယ်ဟုဖြေကြမည်။ အသင်တို့သိကောင်းမှ သိမည်၊ ကြက်သွန်ဖြူသည် လွန်ခဲ့သောနှစ် ပေါင်းငါးထောင်မှစ၍ ရောဂါအမျိုးမျိုးအတွက်ဆေးကုသမှုပြုနေခဲ့ပေသည်။ ဗါဗွလ်(ဘေဘီလုံမြို့) နိုင်ငံသားတို့သည် တမန်တော် အီဆာ (عليه السلام) မပွင့်ပေါ်မီ နှစ်ပေါင်း(၃၀၀၀)အရင်ကပင် ကြက်သွန်ဖြူ၏ထူးခြားမှုကို သိရှိထားကြသည်။ အီဂျစ်နိုင်ငံမှဖါရို (ဖစ်ရ်အောင်န်)ဘုရင်များ၊ ၎င်းတို့သည် ပီရမစ်တည်ဆောက်သောအလုပ်သမားများကို ကြက်သွန်ဖြူကို အပိုအစာအဖြစ်ကျွေးကြသည်။ ၎င်းကြက်သွန်ဖြူကိုဝယ်ရန် နှစ်စဉ်ငွေကြေးများစွာကိုသုံးစွဲခဲ့ကြသည်။

ရှေးလှေသမားများနှင့် ကမ္ဘာလှည့်တိုးရစ်တို့သည် မိမိတို့၏ခရီးစဉ်တွင် ကြက်သွန်ဖြူကိုသယ်ဆောင်ယူသွားရန်မမေ့ကြပေ၊ ရှည်ကြာသောပင်လယ်ခရီးရှည်တွင် ဤအကျိုးများလှသောကြက်သွန်ဖြူသည် ၎င်းတို့အားများစွာသောရောဂါများမှ ကာကွယ်ပေးလေသည်။ ယူနာနီဆရာဝန်တို့က စနစ်တကျမိမိတို့၏ရောဂါသည်များကို ကြက်သွန်ဖြူအား အသုံးပြုကြစေပါသည်။ ဤအကျိုးများသောကြက်သွန်ဖြူနှင့်ပတ်သက်၍ စာစောင်များစွာရေးခဲ့ကြသည်။

တံခိုးတော်ရှင်က ဤမျှသေးငယ်သောကြက်သွန်ဖြူတွင် အံ့ဘွယ်ဆေးဘက်ဆိုင်ရာအကျိုးထူးများကို ထည့်

ထားပါသည်။ နှစ်ပေါင်းများစွာကပင် လူသားတို့၏ဒုက္ခ အသွယ်သွယ်ကို အကာအကွယ်ပေးနေပါသည်။ ယနေ့ ခေတ်ရှိ ဆေးသိပ္ပံဆရာတို့သည် မိမိတို့၏စမ်းသပ်ခန်း တွင် ကိရိယာအသစ်များဖြင့်စမ်းသပ်တွေ့ရှိနေကြသည်။ အီဂျစ်၊ တရုပ်ပြည်၊ ယူနာနီနှင့် ဘာဗွလ်နိုင်ငံသားအားလုံး တို့သည် ကြက်သွန်ဖြူကို အောက်ပါရောဂါများအတွက် အစွမ်းထက်သောကုသမှုအဆင့်ပေးထားကြသည်။ အူရော ဂါများ အခိုးငုတ်၊ အသက်ရှူမှုဆိုင်ရာရောဂါများ၊ ကိုယ် ခန္ဓာအတွင်းရှိရောဂါပိုးများ၊ သားရေပြားဆိုင်ရာရောဂါ၊ အနာပု၊ အပူပုများ၊ အသက်ကြီးလာသည်နှင့်ကြုံတွေ့ရ သောရောဂါများ၊ ကာလအနည်းငယ်အလျင်ထိ ကြက် သွန်ဖြူသည် ဖော်ပြပါရောဂါတို့အတွက် အဘယ်ကြောင့် အကျိုးပြုသည်ဆိုသည်ကို မသိခဲ့ကြချေ။ လွန်ခဲ့သော (၁၀)နှစ် (၁၅)နှစ်ကပင် သုတေသီများက ဤအကြောင်း အရာနှင့်ပတ်သက်၍ များစွာစိတ်ဝင်စားခဲ့ကြသည်။ ၎င်း တို့၏သုတေသနပြုချက်အရ အနံ့ရှိသော ဤကြက်သွန် ဖြူသည် တချို့ရောဂါများအတွက် အစွမ်းထက်ကြောင်း တင်ပြကြသည်။ ရပ်ရှားသုတေသီတဦးက အမျိုးမျိုးသော အပင်ငယ်များ၏အဆီနှင့်ပတ်သက်၍ စူးစမ်းခဲ့ရာ ၎င်းကိုယ်တိုင်ကြက်သွန်ဖြူဆီကိုထုတ်ခဲ့သည်။ ၎င်းဆီ သည် အဘယ်မျှကျော်ကြားသည်ဆိုရမူ ရပ်ရှားပင်ဆီလင် ဟူ၍ပင်ခေါ်ဆိုခဲ့ကြသည်အထိဖြစ်သည်။

မှန်ပါသည်၊ တချို့သောအခြေအနေတွင် ကြက် သွန်ဖြူ၏အကျိုးသက်ရောက်မှုသည် ပင်ဆီလင်နှင့်တူညီ

ပါသည်။ သို့သာမက ပင်ဆီလင်ထက်ပင်ပို၍ကောင်းမွန်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကြက်သွန်ဖြူသည် ဘေးထွက်ဆိုးကျိုးများ လုံးဝမရှိ၍ဖြစ်သည်။ ၎င်းကို အဘယ်မျှအသုံးချသည်ဖြစ်ပါစေ ကောင်းသောမကောင်းသောဗက်တရီးယားပိုးများအတွင်း မည်သို့သောမညီမျှမှုကိုမဖြစ်စေပါ။ ထိုပိုးမွှားတို့သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတွင် အချိန်တိုင်းရှိနေသည်။ ကြက်သွန်ဖြူသည် ဗက်တရီးယားပိုး၏အန္တရာယ်ကိုပပျောက် စေသည်မှန်သော်လည်း ပိုးများလုံးဝပျောက်ဆုံးသွားအောင် မပြုလုပ်ပါ။

ရောဂါအမျိုးမျိုးကုသရန် ကြက်သွန်ဖြူနှင့်ကုသ၍ရကြောင်း ကာလအတန်ကြာကပင်သိရှိခဲ့ကြသည်။ အာသီးရောင်ရောဂါသည်၏ပါးစပ်အတွင်းသို့ ကြက်သွန်ဖြူအထုတ်လေးများထားစေပြီး ၎င်းကိုသွားများဖြင့် ဟိုဘက်ဒီဘက်ရွှေ့ပေး၍ ၎င်း၏အဆီကိုထုတ်စေသည်။ နာရီအနည်းငယ်ကြာသောအခါ ရောဂါသက်သာသွားသည်။ ရောဂါသည်၏အပူရှိန်လည်း ကျဆင်းသွားသည်။ လည်ချောင်းကြွတ်ရောဂါလည်း ကင်းဝေးသွားသည်။ အသက်ရှူကြွတ်သောရောဂါကို ပပျောက်စေရန်နှင့် အနာပုများ အဆစ်အမြစ်ရောင်ရောဂါ နာကျင်မှုကိုလျော့နည်းစေရန်အတွက် ကြက်သွန်ဖြူရည်ကို ဆီတွင်ရော၍ မရ်ဟာမ်လိမ်းဆေးအဖြစ် အသုံးပြုကြသည်။ အလယ်ခေတ်ကာလတုံးက ဥရောပတွင်ဝမ်းရောဂါသည် ကပ်သဖွယ်ကျရောက်လာရာ အသက်ရှင်ကျံရှိနေသောသူများစွာကို ကြက်သွန်ဖြူအား များစွာအသုံးပြုစေခဲ့သည်ကို ကျွန်ုပ်တို့

သိရှိခဲ့ကြသည်။ ထိုရက်များတွင် ကဗရ်စတာန်ကို အပုပ်နံ့ မှသက်သာမှုရစေရန်နှင့် ကပ်ရောဂါကိုထပ်၍မတိုးပွား စေရန် ကြက်သွန်ဖြူကိုများစွာအသုံးပြုခဲ့ကြသည်။ ကျွန်ုပ် တို့သည် ကြက်သွန်ဖြူ၏အနံ့ကိုမနှစ်သက်ကြ၊ ဟင်ဒီတို့ သည် ထိုအနံ့ပါးစပ်မှထွက်နေသူအနားမှာထိုင်ခြင်းမှ ရှောင်ရှားကြသည်။ တမန်တော်၏အမိန့် ညွှန်ကြားချက် တစ်ရပ်လာရှိသည်မှာ ကြက်သွန်ဖြူ/နီကိုစား၍ ဗလီသို့ မလာကြရန်တားမြစ်ထားသည်။ ကြက်သွန်ဖြူအနံ့ကို ပျောက်ကင်းစေရန် ယခုနည်းစနစ်အသစ်အရ ကြက်သွန် ဖြူအရည်ကို ခြောက်သွေ့အောင်ပြုလုပ်ကြသည်။ သို့ သော်လည်းအစိုဓါတ်၏အာနိသင်ကို မလျော့ကျစေပါ။

ယခုအခါတွင် ကြက်သွန်ဖြူဆေးတောင့်များ လုပသောပုံစံဖြင့်ထုတ်ထားကြသည်။ နှစ်ငါးဆယ်အရင်က ယနေ့ကဲ့သို့သုတေသနလုပ်နိုင်သောကိရိယာများ မပေါ် ထွန်းသေးပေ၊ သို့သော်၎င်းတို့သည် ကြက်သွန်ဖြူ၏အာနိ သင်ကို ကောင်းစွာသိရှိခဲ့ကြသည်။ ယခုသစ်လွင်သောစူး စမ်းမှုများက ၎င်းတို့၏တွေ့ရှိချက်သည် မှန်ကန်နေကြောင်း ထောက်ခံနေသည်။ ယခုကျွန်ုပ်တို့သည် ရောဂါပိုးများ အပေါ် ကြက်သွန် ဖြူကမည်သို့အကျိုးသက်ရောက်သည် ကိုသိရှိပေပြီ။ အနောက်နိုင်ငံများတွင် ရောဂါသည်များ စွာအပေါ် စမ်းသပ်ကြည့်ပြီးဖြစ်ပါသည်။ လက်ရှိတွေ့ရှိမှု တို့သည် ထိုအတွေ့အကြုံ၏ရလဒ်ပေါ်အခြေခံသည်။

အတွေ့အကြုံကအတည်ပြုထားသည်မှာ နာ ကျင်ကိုက်ခဲမှု၊ သာမန်ဝမ်းသွားခြင်း၊ အူပိုင်းဆိုင်ရာတချို့

ရောဂါများကို ကြက်သွန်ဖြူနှင့်ပျောက်ကင်းစေနိုင်သည်။ ကျွန်ုပ်တို့ ၏အူများတွင် များစွာသောပိုးမွှားများရှိနေပြီး ရောဂါအမျိုးမျိုးရစေသည်။ ကြက်သွန်ဖြူကအကျိုးပြု သော ဗက်တရီးယားပိုးမွှားများအရေအတွက်တိုးစေ၍ အ စာကိုလွယ်ကူစွာ ကြေချက်ပေးပါသည်။ ထိုကြက်သွန်ဖြူ ကြောင့် ရောဂါဖြစ်စေသော ဗက်တရီးယားပိုးများအရေ အတွက်ကို အလိုအလျောက်လျော့နည်းစေပါသည်။

ဤကိစ္စရပ်နှင့်ပတ်သက်၍ ဗက်တရီးယားပိုးမွှား များအပေါ်ကြက်သွန်ဖြူအစက်ကိုချပေးရာ (၃)မိနစ် အတွင်းတွင် ပျောက်ကွယ်သွားသည်ကိုတွေ့ရှိရသည်။ (၁၀)မိနစ်အကြာတွင် ၎င်းပိုးများလုံးဝပျောက်ကွယ်သွား ပါသည်။ ပိုးမွှားများကိုသေစေသော ကြက်သွန်ဖြူ၏ထူး ခြားသောအာနိသင်ကြောင့် ရောဂါသည်တို့ အူများအတွင်း မှဒုက္ခပေးသော ဗက်တရီးယားပိုးများ သာမန်အစဉ်အလာ ရဖြစ်ပေါ်လာသောဆိုးကျိုးများမှ ကင်းရှင်းသွားပါသည်။ သွေးများ၏တိုးလာသောဖိအားသည် ပုံမှန်အခြေအနေသို့ ရောက်လာပါသည်။ လျော့နဲကျဆင်းမှု ဖြစ်လာပါသည်။ လက်ရှိနှစ်အနည်းငယ်အတွင်းမှာပင် စမ်းသပ်မှုအသစ် တစ်ခုတွေ့ရှိရပါသည်။ ကြက်သွန်ဖြူသည် အသုံးစရိတ် နည်းပြီး အဆင့်မြင့်ဆေးတစ်မျိုးဖြစ်သည်။ နှစ်များစွာ ကပင် ဆင်းရဲသောရောဂါသည်များကို ရောဂါများမှ ကာ ကွယ်ပေးခဲ့ပါသည်။ ကြက်သွန်ဖြူကြောင့် မရေတွက်နိုင် သောသူများ ရောဂါပေါင်းစုံမှအကာအကွယ်ရရှိနေသည်။

ကြက်သွန်ဖြူသည် အကျိုးများသောအစာတစ်

မျိုးဖြစ်သည်။ ကျတ်တနီလုပ်၍စားသည်ဖြစ်စေ ဟင်းချက်စားသည်ဖြစ်စေ အလွန်အကျိုးပေးပါသည်။ ကြက်သွန်ဖြူနှင့်ပတ်သက်၍ စောဒကတက်နိုင်တာက ၎င်းကိုစားလျှင်ပါးစပ်မှ အနံ့အသက်ဆိုးထွက်သည်။ သို့သော် စီးကရက်ဆေးလိပ်သောက်လျှင်လည်း ပါးစပ်မှအနံ့ထွက်ပါသည်။

ဤအကျိုးပြုသောကြက်သွန်ဖြူကို ရက်အနည်းငယ်စားသုံးကြည့်ပါ၊ ﷲ ان شاء အကျင့်ရသွားပါလိမ့်မည်။

## ထူးခြားသည့်အာနိသင်များ

ကြက်သွန်ဖြူသည် လူကိုလန်းဆန်းစေသည်။ အစာကြေစေသည်။ လည်ချောင်းရှင်းစေသည်။ သွေးအားအရေအတွက်တိုးစေသည်။ အင်အားနှင့်အရောင်အဆင်းကို လှပစေသည်။ ဉာဏ်ထက်စေသည်။ မျက်စေ့ကိုကြည်လင်စေသည်။ လေကိုထုတ်ပေးသည်။ အစာကိုကြေညက်စေသည်။ အသံကို ကြည်လင်စေသည်။ ဆီးနှင့်ဓမ္မတာကိုစီးဆင်းစေသည်။ မြွေ၊ ကင်းတို့၏အဆိပ်ကိုပျယ်စေသည်။ မြွေ၊ ကင်းပေါက်သောနေရာတွင် ကြက်သွန်ဖြူအရည်ကိုလိမ်းပေးခြင်းဖြင့် အဆိပ်ကိုပျယ်စေသည်။ အသစ်သုတေသနတွေ့ရှိချက်အရ သွေးတိုးရောဂါအတွက် အထူးအကျိုးရှိစေသည်။ အဆစ်အမြစ်နာ၊ လေးဘက်နာ၊ ကိုယ်တစ်ခြမ်းလေဖြတ်၊ တစ်ကိုယ်လုံးလေဖြတ်နှင့် ကိုယ်လက်တုန်သောရောဂါကို ပျောက်ကင်းစေပါသည်။ ကြက်သွန်ဖြူကိုကြိတ်၍ အနာပုများအပေါ်

လိမ်းပေးလျှင် အနာပုများပျောက်ကင်းစေနိုင်ပါသည်။ ပေါက်သွားနိုင်ပါသည်။ ပန်ဂျပ်ပြည်နယ်၏တောရွာများတွင် ကြက်သွန်ဖြူအရည်ကို ကျွဲနို့တွင်ရော၍ အဖျားရောဂါ၊ အဆုပ်၊ တီဘီရောဂါ၊ ပန်းနာရောဂါသည်တို့ကို တိုက်လျှင် ပျောက်ကင်းစေပါသည်။ အသက်အရွယ်ကြီးလာချိန်၌ ကြက်သွန်ဖြူအသုံးပြုခြင်းသည် များစွာအကျိုးရှိစေပါသည်။ ကြက်သွန်ဖြူအနံ့ပျောက်စေရန် ၎င်းကိုတစ်ညလုံး ဒိန်ချဉ်တွင်စိမ်ထား၍ နံနက်ချိန်တွင်အသုံးချပါ၊ စားပါ။

## ကြက်သွန်ဖြူ၏ဆိုးကျိုးများ

အပူဓါတ်များသူများ ကြက်သွန်ဖြူများစွာအသုံးပြုခြင်းသည် နစ်နာဆုံးရှုံးစေ၏။ လိပ်ခေါင်းရောဂါ၊ ဝမ်းသွားရောဂါ၊ လည်ပင်းအဖုနာရောဂါသည်တို့အတွက် ကြက်သွန်ဖြူကိုမသုံးသင့်ပါ။ အပူဓါတ်များသူများ ၎င်းကိုသုံးခြင်းဖြင့် ရေငတ်ခြင်းနှင့် ပါးစပ်ခြောက်သွေ့ရောဂါဖြစ်စေနိုင်ပါသည်။ ခေါင်းလည်းကိုက်စေတတ်သည်။ ၎င်းကြက်သွန်ဖြူ၏နစ်နာဆုံးရှုံးမှုများကို ကင်းဝေးစေရန်အတွက် အသား၊ ဆား၊ ပူစီနံတို့ကိုအသုံးပြုပါ။

## ဦးခေါင်းပိုင်းဆိုင်ရာရောဂါများ

ဦးခေါင်းနှင့်ပတ်သက်သောရောဂါတို့သည် အဘယ်မျှများပြားသနည်းဆိုရမူ ၎င်းရောဂါများကိုရေတွက်လျှင် လူသည် ခေါင်းကိုက်ရောဂါဖြစ်သွားမည်။ ဤအခန်းတွင် ဦးခေါင်းပိုင်းနှင့်ဆိုင်သောရောဂါများ၊ ၎င်းရောဂါ

များကို ကြက်သွန်ဖြူသည် အကျိုးပြုပေသည်။ ဖော်ပြပါမည်။

## (၁) ခေါင်းကိုက်ခြင်း

အကယ်၍ ခေါင်းကိုက်ရခြင်းသည် လေအေးကြောင့်ဖြစ်ပါက (သို့) ရေအေးကြောင့်ဖြစ်ပါက ဆီတွင် ကြက်သွန်ဖြူအတက်အချို့ကိုကြော်လှော်၍ပြာချါ နားထင်ကိုလူးပေးပါက လူးနေရင်းပင် ခေါင်းကိုက်ရောဂါ ပျောက်သွားမည်။ သို့သော် အပူကြောင့်ဖြစ်သော ခေါင်းကိုက်ရောဂါ လုံးဝမပျောက်ပါ၊ သို့သာမက ပို၍ဆိုးကျိုးရှိသည်။

## ခေါင်းတစ်ခြမ်းကိုက်ရောဂါ

စာအုပ်ပေါင်းများစွာတွင် ယခင်ကဖော်ပြခဲ့ပြီးပြီ၊ ထပ်တလဲလဲရေးပြရန်မလိုပါ။ ဤနေရာတွင်တချို့ဆေးနည်းကိုဖော်ပြပါမည်။ လိုအပ်သောအခါသုံးပါ၊ အကျိုးထူးမည်။

## (၂) ခေါင်းတစ်ခြမ်းကိုက်ရောဂါ အံ့ဘွယ်ပျောက်ဆေး

هوالشافی ကြက်သွန်ဖြူကိုနွှာ၍ ပြုပ်ဆုံတွင်ထောင်းပါ။ ပါးလွှာသောလက်ကိုင်ပုဝါတွင်စစ်၍ အရည်တစ်တိုလာထုတ်ပါ။ (၆)ရတီရှိန်းခိုအကောင်းစားထည့်၍ ထောင်းပါ။ ကောင်းစွာသမသွားသောအခါ ပုလင်းတွင်ထည့်၍ထားပါ။ လိုအပ်ချိန်တွင်အစက် သုံးစက်ခန့်ခေါင်း

ကိုက်သူ၏နားထင်တွင်ချပေးပါ။ နာကျင်ကိုက်ခဲသော ဘက်တွင်ချပေးပါ။ အကယ်၍ခေါင်းတစ်ခြမ်းကိုက်ခဲနေခြင်းသည် သလိပ်ကြောင့်ဖြစ်လျှင် ﷲ၊ﺍﻟﺸﺎ၊ ငါးမိနစ်တွင် သက်သာသွားလိမ့်မည်။

## (၃) လိမ်းဆေး

ﺍﻟﺸﺎﻓﻰ ﻫﻮ ကြက်သွန်ဖြူကိုလှီး၍ ပျားရည်တွင် ရောပါ၊ ကောင်းစွာချေပါ။ ကိုက်နေသော အခြမ်းဘက် ပေါ်လိမ်းပေးပါ။ အလ္လာဟ်အလိုတော်နှင့်ကိုက်ခဲမှုသက် သာသွားမည်။ လုပ်ကြည့်ပါ၊ အကျိုးရှိမည်။

## (၄) လိမ်းဆေး

ကြက်သွန်ဖြူကိုကြိတ်၍ ကိုက်ခဲနေသောနေရာ တွင်လိမ်းပေးပါက ခေါင်းတစ်ခြမ်းကိုက်ရောဂါပျောက် သွားမည်။

## မှူးဝေပြီးကိုက်သော ခေါင်းကိုက်ရောဂါ

ဤရောဂါသည် အလွန်ဆိုးသောရောဂါတစ်မျိုး ဖြစ်သည်။ ထိုရောဂါရသူသည် ကုတင်မှမထနိုင်ချေ၊ အရာရာတိုင်းလည်ပတ်နေသည်ဟုထင်မှတ်နေသည်။ နောက်ဆုံးတွင် အကြိမ်အနည်းငယ်အံ့ပြီး ရောဂါသက်သာ သွားတတ်သည်။ ဤရောဂါဖြစ်ရခြင်းမှာ ခေါင်းမှူး၍ဖြစ် သည်။ ၎င်းရောဂါကိုမှူးဝေရောဂါဟု ပြောကြသည်။ ၎င်း ခေါင်းကိုက်ရောဂါပျောက်ဆေးမှာ . . .

(၁) ﺍﻟﺸﺎﻓﻰ ﻫﻮ ကြက်သွန်ဖြူကိုအခွံနွာ၍ ရေ

တစ်တိုလာရအောင်ထုတ်ယူပါ။ ထောပတ် (၂)တိုလာကို ဒယ်ပြားတစ်ခုခုတွင်ထည့်၍ ကောင်းစွာအပူပေးပါ။ အမဲရောင်သန်းလာပါက သဘောမှာ အမြှုတ်စသည်များ ရပ်သွားပါက မီးပူပေါ်မှချ၍ (၂)မိနစ်ကြာသောအခါ ကြက်သွန်ဖြူရေကိုထည့်လိုက်ပါ။ ဆေးနည်းရပြီ။

**အသုံးပြုနည်း။** ။ လိုအပ်သောအခါအပူပေး၍ ရောဂါသည်ကိုရှူစေပါ။ အလ္လာဟ်အလိုတော်နှင့် သက်သာသွားမည်။

## (၆) နှာဆေးနှာပိတ်လျှင်

هو الشافى အာလူး (၅)တိုလာ၊ ဂျင်း (၆)မာရှာ၊ ကြက်သွန်ဖြူ (၃)မာရှာ၊ ထောပတ်လိုအပ်သလောက်။

**အသုံးပြုနည်း။** ။ ထိုဆေးကိုတချိန် (သို့) နှစ်ချိန် အစာနှင့်အတူအသုံးပြုပါ။ ဘာမှရှောင်စရာမလိုပါ။

**အကျိုးများ။** ။ နှာဆေးနှာချေရောဂါတိုင်းအတွက် အစွမ်းထက်သည့်ဆေးဖြစ်ပါသည်။ တစ်ကြိမ်အသုံးပြုသည်နှင့် သက်သာသွားမည်။ နှာဆေးနှာချေအသစ်ဖြစ်လျှင် (၃)ရက်အတွင်း ပျောက်ကင်းမည်။ နှာဆေးနှာချေရောဂါအဟောင်းဖြစ်လျှင် တစ်ပတ် (၁၀)ရက် အသုံးပြုလျှင် ပျောက်ကင်းမည်။ *ကန်ဇုလ်အတ္တစ်ဗအ်*

## မျက်နှာတစ်ခြမ်းကိုယ်တစ်ခြမ်း တစ်ကိုယ်လုံး လေဖြတ်လျှင်

ဖါလစ်ဂ်ျဆိုတာ ကိုယ်တစ်ခြမ်းလေဖြတ်တာကို

ခေါ်သည်။ လပ်က်ဝဟ်ဆိုတာ မျက်နှာပါးစပ်ရွဲ့သွား စောင်းသွားခြင်းကိုခေါ်သည်။

ဤရောဂါမျိုးကိုအသက် (၄၀)ကျော်သူများကို ဖြစ်လျှင် ဆေးကုရှ်မရတတ်ချေ။ သို့သော် ကြက်သွန်ဖြူ သည် ဤရောဂါနှစ်မျိုးအတွက် အလွန်အဆင့်မြင့်မြင့် အသုံးဝင်သောအရာအဖြစ် လက်ခံထားကြသည်။

## (၇) ဆီးရှ် (ကြက်သွန်ဖြူ) တေဆေး

هوا لشافى ကြက်သွန်ဖြူ (၂၅)သားခန့်ကိုနွာ၍ ထားပါ။ နွားနို့ (၄၀)သားခန့်တွင် ထိုကြက်သွန်ဖြူကို ချက်ပါ၊ ကြက်သွန်ဖြူကောင်းစွာနူးသွားသည်ထိချက်ပါ။ ထိုထဲတွင် အဖြူရောင်သန်းသောပျားရည် (၅၁)တိုလာ၊ ထောပတ် (၉) တိုလာရောလိုက်ပါ။ ကောင်းစွာသမသွား ပါက အောက်သို့ချပါ၊ အောက်ပါဆေးများကိုထုထောင်း၍ စစ်၍ရောလိုက်ပါ။ ၎င်းကိုကောင်းစွာနယ်၍ တသား တည်းဖြစ်အောင်လုပ်ထားပါ။ ပုလင်းတွင်ထည့်ထားပါ။ နေ့စဉ် လေမထိစေဘဲ ရောဂါသည်ကိုပွတ်ပေးပါ။ အတွင် စားဆေးအဖြစ် ဆီးရှ်တေဆေး (သို့) အောက်ပါဆေးကို ပေးပါ။ စားစေပါ။

**ဆေးများမှာ**

လေးညှင်း၊ ဇာဒိပ္ဖိုလ်သီး၊ ဇာပွင့်၊ ငြုပ်နက်၊ ــــــ ပစ်ကာသီး(အက်ကွဲသီး) အပင်မှထွက်သောအဆီ၊ စားရသောဖာလာစေ့၊ ဖာလာအကြမ်း၊ သစ်ဂျပိုး၊ ဂျင်း ခြောက်၊ ပစ္စည်းတိုင်းကိုနှစ်တိုလာနှင့် (၁၁)မာရှာ၊ လော်

ဗန်၊ ဇာဖရန်၊ တစ်ခုစီကိုတစ်တိုလာနှင့် (၅)မာရှာခွဲ၊ ဤအရာအစုစုသည် ဆီးရိုတေဆေးအသင့်ဖြစ်ပြီ။

## အသုံးပြုနည်းနှင့်အကျိုးကျေးဇူး

ဆောင်းရာသီတွင် နံနက်စောစောညအိပ်ချိန်တွင် (၅)မာရှာမှ (၇)မာရှာထိကျွေးပါ။ တက်သောရောဂါ၊ မျက်နှာတစ်ခြမ်းသေ၊ ကိုယ်တစ်ခြမ်းသေ၊ သွက်ချာပါဒ၊ လိပ်ခေါင်း၊ ခရုသင်း(အကွက်ဖြူ)တို့အတွက် အသုံးဝင်သည်။ အစာအိမ်ကိုအားပေးသည်။ ကောင်းစွာစားစေသည်။ သလိပ်ကိုကြေစေသည်။ ကာမအားကိုတိုးစေသည်။ ကိုယ်အရောင်တောက်ပြောင်စေသည်။ ကိုယ်ငွေ့ကိုယ်၏သဘာဝအပူ၊ အသက်အရွယ်ကြီးသူကိုပို၍အကျိုးရှိသည်။

## (၈) အစွမ်းထက်သောလိမ်းဆေးဆီ

ဟွာလ်ရှာဖီ မုံညှင်းဆီ၊ အဝက်သားတွင် ကြက်သွန်ဖြူအရည် (၅)တိုလာရောလိုက်ပါ။ မီးပူပေါ်မှာထားပါ။ ရေအားလုံးခန်းသွားလျှင် ဆီသာကျန်နေချိန်တွင် ပုလင်းတွင်ထည့်၍ထားလိုက်ပါ။ နေ့စဉ်လေမှရှောင်၍ ရောဂါသည်ကို သုတ်လိမ်းပေးပါ။ အတွင်းစားဆေးအဖြစ် ဆီးရိုတေဆေး (သို့) ဆေးနည်းနံပါတ် (၉)ကိုအသုံးပြုပါ။

## (၉) ကိုယ်တစ်ခြမ်းသေရောဂါသည်အတွက် ဆေးနည်း

ကိုယ်တစ်ခြမ်းသေရောဂါဖြစ်ခါစရောဂါသည်များအတွက် ရောဂါရှင်တို့သည် ရောဂါသည်ကိုတတ်နိုင်သရွေ့

အစာမကျွေးပါနှင့်။ နံနက်ညနေလဘက်ရည်တွင် ကြက်သွန်ဖြူအရည်ကို (၃)မာရှာကိုရောချ်တိုက်ပါ။ လဘက်ရည်ကို သကြားအစားပျားရည်ကိုထည့်၍ နို့မပါဘဲတိုက်ကျွေးပါ။ အစာငတ်ခံနိုင်လျှင် ၄-၅-၆ ရက်ထိ ထိုလဘက်ရည်ကိုတိုက်ကျွေးပါက အများအားဖြင့်ရောဂါပျောက်ကင်းသွားလေ့ရှိပါသည်။

## (၁၀) အံ့ဖွယ်ဆေးနည်းတနည်း

အထက်ပါရောဂါသည်ကို ပထမနေ့တွင် ကြက်သွန်ဖြူ တစ်တက်(တမွှာ)၊ ဒုတိယနေ့တွင်နှစ်တက်၊ တတိယနေ့တွင်သုံးတက်၊ ဤအတိုင်းရက်(၄၀)ထိ အတက်(၄၀)ကျွေးပါ။ တဖန်တစ်တက်(တမွှာ)စီ လျှော့လာပြီး တစ်တက်ကျန်သည် ထိကျွေးလာပါ။ ရက်ပေါင်း(၈၀) ဖြစ်သွားမည်။ အလ္လာဟ်အလိုတော်ဖြင့် ဤဆေးကျွေးနေစဉ် တခြားမည်သည့်ဆေးမှမကုရဘဲ ကိုယ်တစ်ခြမ်းသေရောဂါအမြစ်ပြတ်သွားမည်။

## (၁၁)ကိုယ်တစ်ခြမ်းသေနှင့် မျက်နှာတစ်ခြမ်းသေရောဂါအတွက် အံ့ဖွယ်မုံ့ဝိုင်း

هوالشافى ကြက်သွန်ဖြူ အစိတ်သားနွှာ၍ နွားနို့(၈၀)သားတွင်ထည့်၍ မီးနွေးနွေးပေါ်တွင်ချက်ပါ။ ကောင်းစွာကျက်၍ နို့တွင်ကြက်သွန်ဖြူအရည်ပျော်သွားပါက ကောင်းစွာမွှေ၍ စစ်လိုက်ပါ။ စစ်ပြီးသောနွားနို့ကို တဖန်

မီးပေါ်တင်၍ပြန်ကျိုပါ။ ခိုဝါးဖြစ်သည်အထိ ကျိုချက်ပါ။ ၎င်းအချိန်တွင် သကြားကိုထိုခိုဝါးနှင့်ညီတူညီမျှရော၍ နှစ်တိုလာခန့်ရှိ မုန့်ဝိုင်းပြားပမာဝိုင်းပါ။ ရောဂါသည်ကို ထိုမုန့်ပြားတပြားစီ နံနက်တစ်ခုညနေတစ်ခုကျွေးပါက ဖါလစ်ဂျ်တစ်ခြမ်းသေနှင့် လပ်က်ဝါးပါးတစ်ခြမ်းသေရောဂါပျောက်၏။

(၁၂) ﻫﻮﺍﻟﺸﺎﻓﻰ ကြက်သွန်ဖြူ (၃)မာရှာ၊ ရှိန်းခိုတစ်မာရှာ၊ ပျားရည်တွင်ခလောက်ပါ။ နံနက်ညနေကျွေးပါ။ ကိုယ်တစ်ခြမ်းသေစသည်တို့အတွက် အလွန်အကျိုးရှိ၏။

## သွက်ချာပါဒရောဂါ

(၁၃) ၎င်းရောဂါဖြစ်လျှင် ရောဂါသည်၏လက်များနှင့်ခေါင်းသည် ထိန်းမနိုင်ဘဲတုန်လှုပ်နေ၏။ ထိုရောဂါအတွက် ကြက်သွန်ဖြူသည်အသင့်တော်ဆုံးဖြစ်သည်။ ဆီးရ်(ကြက်သွန်ဖြူ)တေဆေးသည် သွက်ချာပါဒရောဂါအတွက် အတုမရှိဆေးစွမ်းကောင်းဖြစ်သည်။ ၎င်းဆေးနည်းဖော်ပြခဲ့ပြီးပြီ။

(၁၄) အတွင်းပိုင်းစားသုံးရန် ဆီးရ်ဟေဆေးအဖြစ်ကန့်နှင့်ပြတ်ဒါးရော၍ ဖော်စပ်ထားသောသတ္တုတစ်မျိုးအနီရောင်သုတ်ထားသောသတ္တုဆေး တစ်ရတီရော၍ ကျွေးလျှင်သင့်၏။ သုတ်လိမ်းရန်အတွက် ကြက်သွန်ဖြူအဆီကို အသင့်ပြုလုပ်၍ နေ့စဉ်ညအချိန်လိမ်းပေးပါ။ အဆိုးတကာ့အဆိုးဆုံးသော သွက်ချာပါဒရောဂါပျောက်၏။

# (၁၅) ကြက်သွန်ဖြူအဆီ

ၾငင်းသည် မရေတွက်နိုင်သောရောဂါများအတွက် ပျောက်ဆေးဖြစ်သည်။ အောက်ပါနည်းအတိုင်း ကြက်သွန်ဖြူဆီကိုပြုလုပ်၍ မရေတွက်နိုင်သောရောဂါများအတွက် အသုံးပြုပါ။

هوالشافى နှမ်းဆီ (၈၀)သားခန့်ယူ၍ ၎င်းကို သံဒယ်တွင်ထည့်၍မီးပေါ်ကြိုပါ။ ဆီကောင်းကောင်းကျက်သွားလျှင် ကြက်သွန်ဖြူအကောင်းကိုအခွံနွှာ၍ သံချောင်းတစ်ခုတွင်ထိုး၍ ဆီကြားတွင်တွဲလောင်းချထားပါ။ မီးနွေးနွေးအောက်မှာထည့်ထားပါ။ ကြက်သွန်ဖြူအတက်များနီရဲ၍ အမဲဘက်သန်းသွားပါက(ကြွပ်သွားပါက) ၎င်းတို့ကိုထုတ်၍ နောက်ထပ်ကြက်သွန်ဖြူထပ်၍ကြော်ပါ။ ဤသို့ကြက်သွန်ဖြူခုနစ်တွဲကိုကြော်ပါ။ အေးသွားသောအခါ ပုလင်းထဲထည့်ထားပါ။

## အသုံးပြုနည်းမှာ

အအေးမိ၍ ဖျားသူကိုမဖျားမီပွတ်လိမ်းပေးပါ။ ပဒုံး၊ ကင်း၊ ယင်ကောင်ကိုက်ခံရသူများ ယားနာရှိသူ အနာရောင်နေသူများကိုလည်းလိမ်းပေးပါ။ နားကိုက်သူ အသံမကြားရသူ(နားလေးသူ) မီးပေါ်တင်၍ နွေးနွေးလုပ်ခါ (မပူတပူ) နားထဲထည့်ပေးပါ။ အရောင်အဆင်းလှစေရန် ပူကျက်နေသော ဆီတွင်အနည်းငယ် رتن جوت (မျက်စင်းတွင်သုံးသောဆေးမြစ်တစ်မျိုး)ထည့်ပါ။ သလိပ်နှင့် လေရောဂါသည်များအတွက် အထူးကောင်း၏။

## သွားနှင့်နားရောဂါများ

မျက်စေ့ရောဂါ မည်သည့်ရောဂါမဆို ကြက်သွန်ဖြူနှင့် အကျိုးရှိကြောင်းကျနော်၏သေးငယ်သောအသိတွင်မရှိပါ၍ ၎င်းကိုမရေးတော့ဘဲ သွားများ၊ သွားဖုံးများ၊ နားရောဂါများကိုဘဲရေးပါမည်။ *(စာရေးသူ)*

## (၁၆) သွားပိုးထိုးခြင်း

هوالشافى သွားပိုးထိုးနေပါက ၎င်းကြောင့် နာကျင်နေလျှင် ကန့်နှင့်ပြတ်ဒါးရော၍ ဖော်စပ်ထားသောသတ္တုတစ်မျိုး(အနီရောင်ရှိ)ကို ကြက်သွန်ဖြူရေတွင်ရောမွှေ၍ ၎င်းတွင်ဂွမ်းဖတ်နှစ်၍ သွားပေါက်တွင်ထားပါ။ ပိုးများသေသွားမည်။ နာကျင်မှုပျောက်သွားမည်။

## (၁၇) သွားကိုက်ခြင်း

هوالشافى ကြက်သွန်ဖြူအတက်ကိုအပူပေး၍ သွား များကြားတွင်ထား၍ဖိပေးပါ။ အအေးကြောင့်ကျင်၍ကိုက်ခဲသောသွားနာ ချက်ခြင်းပျောက်သွားမည်။

(၁၈) هوالشافى ကြက်သွန်ဖြူအတက်ကိုပူအောင်လုပ်၍ ပိုးထိုးနေသောသွားတွင်ထားပါ။ ပိုးသေ၍ နာကျင်မှုသက်သာသွားမည်။

## (၁၉) သွားဖုံးမှပြည်ယိုခြင်း

ဤရောဂါသည်အလွန်ဆိုးသောရောဂါဖြစ်သည်။ ၎င်းကြောင့် ထောင်ပေါင်းများစွာသောလူများ တီဗွီအဆုတ်ရောဂါများဖြစ်၍ သေဆုံးကြရသည်။ ကျွန်တော်ကြော်ငြာ

တစ်ခုဖတ်ဖူးသည်။ ရေထားသည့်ခေါင်းစဉ်မှာ ပါးစပ်၏ မြွေတဲ့၊ ရေးထားသည်မှာ ဤရောဂါသည် မြွေထက်ပို၍ အဆိပ်ပြင်းသည်။ ဒီခေါင်းစဉ်ကို ကျနော်အတော်နှစ်သက်ခဲ့သည်။ ဤရောဂါအတွက်ကြက်သွန်ဖြူသည် အံ့ဖွယ်ပင်ဖြစ်သည်။ ကြက်သွန်ဖြူအမြဲအသုံးပြုသူများ ဤရောဂါအဖြစ်နည်းကြသည်။ ဒီအပြင်ကြက်သွန်ဖြူအရည်တစ်ဆကို ရေ(၂၀)ဆတွင်ရော၍ ပလုပ်ကျင်းခြင်းသည် အကျိုးရှိလေသည်။

## နားရောဂါများ

နားရောဂါအများစုအတွက် ကြက်သွန်ဖြူသည် အစွမ်းထက်သည်။ ဆေးနည်းတချို့ရေးပါမည်။

(၂၀) هوالشافى မုံ့ညင်းဆီတစ်တိုလာတွင် ကြက်သွန်ဖြူ (၃)မာရှာ အတက်များ၊ ဘိန်း (၁)ရတီကို အပူပေး၍ထုတ်ထားပါ။ နည်းလမ်းမှာ ဆီကိုသံဒယ်ပိုင်းတွင်ထည့်၍ ရဲနေသောမီးသွေးအပေါ်ထားပါ။ ကျက်သွားလျှင် ကြက်သွန် ဖြူကိုနွှာ၍ထဲ့ပါ။ ကျက်သွားသောအခါ ချ၍မပူတပူအချိန်တွင် ဘိန်းကိုရောပါ။ လိုအပ်ချိန်တွင် အပူပေး၍ နားထဲတွင် နှစ်စက်သုံးစက်ထည့်ပါ။ အင်န်ရှာအလ္လာဟ်လျှင်မြန်စွာပင် နာကျင်မှုရပ်သွားလိမ့်မည်။

## (၂၁) လွယ်ကူသော ဆေးနည်းတစ်ခု

هوالشافى ကြက်သွန်ဖြူအရည်ကိုနွေး၍ နွေးလာလျှင် နှစ်စက်သုံးစက်နားတွင်ထည့်ပါ။ အအေးကြောင့်နာကျင်သော နားရောဂါရပ်သွားမည်။

## (၂၂) နားဥ္ဒအနာပူပေါက်ခြင်း

ထိုရောဂါအတွက်လည်း ကြက်သွန်ဖြူကိုမပူတာပူ ထည့်ပေးခြင်းသည် အလွန်အကျိုးထူသည်။ ထိုသို့ထည့်ခြင်းဖြင့်အနာပုပိန့်ချုပ်သွားမည်။ (သို့) ပြည်ပေါက်ရန်ရှိက ပေါက်သွားမည်။

## နားပြည်ယိုခြင်း

အကယ်၍နားဥ္ဒအနာရှိပါက အများအားဖြင့် အမြန်မပျောက်ပါ။ နားမှပြည်ယိုနေတတ်သည်။ ၎င်းအတွက်အောက်ပါဆီထည့်လျှင် အကျိုးရှိသည်။

## (၂၃) အစွမ်းထက်သည့်ဆီ

هوالشافی မှုညင်းဆီး (၅)တိုလာ၊ ကန့်နှင့်ပြုတ်ဒါး ရော၍ဖော်စပ်ထားသောသတ္တုတစ်မျိုး (အနီရောင်ရှိ) ကို တစ်တိုလာ ကြက်သွန်ဖြူတစ်တိုလာ၊ သုံးမျိုးလုံးကိုကြိတ်ပါ။ ဒန်အိုးတစ်ခုခုတွင်ထည့်၍ ကြော်ပါ။ ရောနှောသွားပါက အောက်ချ၍အေးသွားပါလျှင် ပုလင်းထဲထည့်ထားပါ။ လိုအပ်သောအခါအပူပေး၍ နှစ်စက်သုံးစက်နံနက်ညနေ နားဥ္ဒထည့်ပါ။ အလ္လာဟ်အရှင့်အလိုတော်နှင့် ရက်အနည်းငယ်အတွင်း နားပြည်ယိုခြင်းရပ်သွားမည်။

(၂၄) မုံညင်းဆီတွင်ကြက်သွန်ဖြူအနည်းငယ် ဆူးဖြူပန်းအချို့ထည့်၍ အပူပေးပါ။ လောင်ကျွမ်းသွားပါက ဆီကိုစစ်ပါ။ လိုအပ်သောအခါ ၃-၄ စက် နားတွင် ထည့်ပါ။ နားပြည်ယိုခြင်းရပ်သွားမည်။

(၂၅) الشافی မုံညင်းဆီ (၁၀) တိုလာ၊ ကြက်

သွန်နီ (၆)တိုလာ၊ ပူဒီနာရွက်စိမ်း ၃၅ တိုလာ၊ ကြက်သွန်ဖြူ (၆)မာရှာ။

**အသုံးပြုနည်း။** ။ ဆေးအားလုံးကိုထုထောင်း၍ဆီထဲထည့်ခါ အပူပေးပါ၊ ကြော်ပါ။ အနီရောင်သန်းလာသောအခါ အောက်ချ၍အအေးခံပါ၊ စစ်ပါ။ တိုင်းရင်းပရုပ်တစ်မာရှာ၊ ဘိန်းအစစ်တစ်မာရှာကိုထည့်၍မွှေပါ။ သမသွားလျှင် ပုလင်းထဲထည့်၍ထားပါ။

**အသုံးပြုနည်း။** ။ ဆေးစက်နှစ်စက်မပူတပူကို (၄)နာရီခြားတစ်ခါ နားတွင်ထည့်ပါ။

**အကျိုးကျေးဇူး**

နားနာကျင်သည့် ကိုက်သည့်ရောဂါတိုင်းအတွက် နား အတွင်းအနာပုများနားမှ နားပြည်ယိုလျှင်၊ နားလေးလျှင်၊ နားပင်းလျှင်၊ နားအူလျှင်အလွန်အကျိုးရှိသည်။

## (၂၆) နားပင်းလျှင်

هوالشافی နှမ်းဆီတတိုလာနှင့် ၃/၄ ပုံကို သံဒယ်တွင်ထည့်၍ အပူပေးပါ။ ဆီကျက်သွားလျှင် ကြက်သွန်ဖြူ တစ်တက်ထည့်လိုက်ပါ။ ကျွမ်းသွားသောအခါဆီကိုစစ်၍ ယူပါ။ နေ့စဉ် (၃)စက် မပူတပူနွေး၍နားတွင်ထည့်ပါ။ သက်သာသွားမည်။

(၂၇) နားကိုက် နားလေးလျှင်ကြက်သွန်ဖြူ အရည်ထုတ်၍ နား၏ပြင်ပနားမှာလိမ်းပေးပါ။ အလ္လာဟ် အရှင့်အလို တော်နှင့်ပျောက်သွားမည်။

(၂၈) هوالشافی ကြက်သွန်ဖြူအခွံခွာပြီးနှစ်လုံး၊

ဘာဒမ်ဆီအခါးနှစ်တိုလာကိုမီးပေါ်တင်၍ ကြက်သွန်ဖြူကြွတ်လာလျှင် စစ်၍ပုလင်းထဲထဲ့ပါ။

**အသုံးပြုနည်း။** ။ နှစ်စက်သုံးစက် မပူတပူလုပ်၍ နားထဲထည့်ပါ။ နားလေး နားပင်းခြင်းကို နားအတွင်းခြောက်သွေ့ခြင်းကိုပျောက်၏။

## အဆုတ်ရောဂါများနှင့် ကြက်ညှာချောင်းဆိုး

ဤရောဂါသည်အများအားဖြင့် ကလေးများအဖြစ်များသည်။ ကလေးများချောင်းဆိုးသောအခါ မျက်နှာအမဲရောင်သန်းသွားသည်။ သို့ဖြစ်၍ ၎င်းကိုကြက်ညှာချောင်းဆိုးဟုခေါ်လေသည်။ အများအားဖြင့် ဤရောဂါသည် အလွန်တာရှည်တတ်သည်။ အောက်၌လွယ်ကူသောဆေးနည်း ရေးထားသည်။

## (၂၉) အံ့အားသင့်ဖွယ်ဆေးမြီးတို

ချောင်းဆိုနေသောရောဂါသည်ကလေး၏လည်ပင်းတွင်ကြက်သွန်ဖြူအတက် (အခွံနွှာပြီး) များကိုဆွဲကြိုးသဖွယ်ကုံး၍ လည်ပင်းမှာဆွဲထားပါ။ ရောဂါညိမ်ကျသွားပြီးသက်သာသွားမည်။ အဘယ်ကြောင့်ဆိုရသော် ကြက်သွန်ဖြူထဲမှအနံ့တစ်မျိုးထွက်ရှိပြီး လေထဲတွင်ရောသွား၍အသက်ရှူလမ်းကြောင်း မှအဆုတ်ထဲသို့ဝင်သွားလိမ့်မည်။ ထိုအခါ ချောင်းဆိုးသက်သာလာမည်။

(၃၀) ကြက်သွန်ဖြူတွင်အဆီတမျိုးရှိလေသည်။ ၎င်းသည် အဆုတ်ရောဂါများကိုပျောက်စေသည်။ ကြက်ညှာချောင်းဆိုးဖြစ်နေသောကလေးကို ကြက်သွန်ဖြူတစ်

တက် (သို့) တစ်ဝက်ကို ပျားရည်တွင်ရော၍ နေ့ပိုင်းတွင် တစ်ကြိမ်ရက်ပေးပါ။ ရက်အနည်းငယ်အတွင်း သက်သာလာမည်။

(၃၁) သာမန်ချောင်းဆိုးလျှင် နှမ်းဆီကိုအပူပေး၍ ကြက်သွန်ဖြူနှစ်တက်သုံးတက်ကိုကြော်၍ ရောဂါသည်၏ ရင်ဘတ်ပေါ်တွင်လိမ်းပေးပါ။ အအေးကြောင့်ဆိုးသောချောင်း بفضله تعالی ကောင်းသွားလိမ့်မည်။

(၃၂) هوا لشافی ထောပတ်နှစ်တိုလာကို ကြက်သွန်ဖြူ (၃)တက်ထည့်ကြော်၍ကြိတ်ပါ။ ထိုထဲတွင်ပျားရည် တစ်တိုလာရော၍ ရောဂါသည်ကိုရက်စေပါ။ သလိပ်ထွက်သောပန်းနာအတွက် ဤဆေးသည် အထူးအကျိုးရှိသည်။

## (၃၃) ပန်းနာအတွက်အစွမ်းထက်သည့်ဆေး

၎င်းဆေးသည် ပန်းနာတာရှည်သောရောဂါအဟောင်းကိုပင် အမြစ်ပြတ်စေသည်။

လူတိုင်းသိထားသည်မှာ အဆိပ်တစ်မျိုး (အဆိပ်ရှိသောအရာ) အဆိပ်ရှိသောအရွက်သည် ပန်းနာအတွက် အပြိုင်မရှိဆေးဖြစ်သည်။ သို့သော် ၎င်းကိုအသုံးပြုနည်းမှာ အနည်းငယ်ခက်ခဲသည်။ စိတ်ဓါတ်ကြံ့ခိုင်ရသည်။ အောက်၌ ဆေးနည်းတစ်မျိုးကိုရေးပြထားပါသည်။ ပန်းနာအတွက်အစွမ်းထက်သည်။ အနည်းငယ်ပင်ပန်းမှုတော့ရှိသည်။ အကျိုးရှိမှုကိုထောက်၍ ပင်ပန်းရကျိုးနပ်ပေသည်။ စန်ခီယာ(အဆိပ်)အဖြူ (၅)တိုလာကို ဆေးကြိတ်ဆုံတွင်ထည့်၍ ကောင်းစွာကြိတ်ပါ။ အမှုန့်ဖြစ်သွားသောအခါ ကြက်သွန်ဖြူအရည်ကိုနဲနဲချင်းထည့်ပါ။ အား

ကောင်းသောလက်ဖြင့် ကြိတ်နေပါ။ ရေခြောက်သွားလျှင် ထပ်၍နဲနဲချင်းထည့်ပါ။ ဤနည်းအတိုင်း(၁၀)စီယာ ရေကုန်အောင်ကြိတ်ဆုံဖြင့် ရေခမ်းသွားအောင်ကြိတ်နေပါ။ ၎င်းနောက် ဇာဒိပ္ပိုလ်သီး (၂၅)ကျပ်သား သတ္တုရည် (ပြုတ်ထားသောရည်)အရည်ကို ရေ(၁)ပိဿာနှင့် ၂၅ကျပ်သား၌ကြိုပါ။ သုံးဆယ်သားကျန်သည်အထိကြိတ်နေပါ။ ဆေးအဆင်သင့်ဖြစ်ပြီ။

**အသုံးပြုနည်း။** ။ ပထမရောဂါသည်ကို ပဲထမင်း(ခစ်ကျရီ)၌ ထောပတ်ရော၍ကျွေးပါ။ နောက်ဝမ်းနှုတ်ဆေးကျွေး၍ အစာအိမ်ကို သန့်သွားအောင်လုပ်ပါ။ ဝမ်းနှုတ်ရာတွင်သကြားခဲ (မစ္စရီ) ဖျော်ရည်တိုက်ပါ။ ရေငတ်တိုင်း သကြားခဲဖျော်ရည်ဘဲတိုက်နေပါ။ အော့အန်လာလျှင် ရောဂါသည်သည် ဆေးအကျိုးခံစားရန်အသင့်ဖြစ်သွားမည်။ ယခုရောဂါသည်ကို နှစ်ရက်ထိ ထောပတ်မပါဘဲ ပဲထမင်းကျွေး၍ ဆေးကိုစ၍အသုံးပြုပါ။ နည်းလမ်းက နေ့စဉ်ဆေးတစ်ရတီကို ထောပတ်(၅)တိုလာဖြင့်ကျွေးပါ။ ထို့နောက် တနေ့လုံး အနဲဆုံး(၁၀)တိုလာ (သို့)(၂၀)တိုလာထောပတ်ကို တိုက်ကျွေးပါ။ ဤသို့သောနည်းဖြင့် အင်န်ရှာအလ္လာဟ်ခုနှစ်ရက်အတွင်းတွင် နှစ်(၂၀)ကြာ ပန်းနာပင်ဖြစ်ပါစေ လုံးဝကောင်းသွားမည်။ အချက်တခုကို သတိထားရမှာက ထောပတ်မစားနိုင်သူဖြစ်လျှင် ၎င်းရောဂါသည်ကိုဤဆေးမကျွေးရ။ ဤဆေးကျွေးနေစဉ်တွင် အစားအစာသည် ရိုးရိုးအစာဖြစ်ရမည်။ ဥပမာ-ပဲနောက်နှင့်လုပ်တဲ့မုန့်၊ ဘူးသီးစသည့်ဟင်းများအစာများကျွေးပါ။

ဦးစားပေးအဖြစ်ရောဂါသည်ကို ထောပတ်ကို အခြားအစာများစားစရာမလိုအောင်ကျွေးပါ။ ﴿مخزن آیوروید﴾

## အစာအိမ်အူနှင့်သရက်ရွက်ရောဂါများ

ဤရောဂါတို့အတွက် ကြက်သွန်ဖြူသည် အကျိုးရှိ သည်။ အောက်၌ဆေးနည်းရေးပြမည်။ စမ်းသပ်တွေ့ကြုံပြီး သောဆေးနည်းမျိုးကိုသာ ရေးပြထားပါသည်။

## (၃၄) အစာမကြေခြင်း မဆာခြင်း

هوالشافی ကြက်သွန်ဖြူတွင် ဤသို့ထူးခြားချက် တစ်ခုရှိသည်။ အစာအိမ်၏အစာကြေနိုင်စွမ်းကိုတိုးပွား စေပြီး ကောင်းစွာဆာလောင်စေသည်။ အစာမကြေသော ရောဂါသည်ကို ကြက်သွန်ဖြူကျည်နီလုပ်၍ကျွေးပါ။ သံပုရာအနည်းငယ်စမ်းလိုက်ပါ။ ညှစ်ထဲ့ပါ။ بفضله تعالی အစာကြေ၍ ကောင်းစွာဆာလာလိမ့်မည်။

## အန်ခြင်း

(၃၅) ထမင်းစားပြီးအန်လာလျှင် ကြက်သွန်ဖြူ ကျည်နီလုပ်၍ကျွေးပါ။ ထမင်းစားပြီးလျှင် ထမင်းနှစ်လုပ် သုံးလုပ်ကို ကျည်နီနှင့်ရော၍စားခိုင်းပါ။ အင်န်ရှာအလ္လာဟ် အန်တော့မည်မဟုတ်ပါ။ အလွန်ကောင်းသောဆေးနည်း ဖြစ်သည်။

## (၃၆) နံရိုးအောက်နာကျင်နာ

هوالشافی ကြက်သွန်ဖြူကိုညက်အောင်ကြိတ်၍

ဝမ်းဗိုက်ပေါ်လူးပေးပါ။ အများအားဖြင့် နံရိုးအောက်နာကျင်သည့်ရောဂါအတွက်အစွမ်းထက်ဆေးဖြစ်သွားသည်။ ထိုဆေးကို ကျွေးလည်းကျွေးနိုင်သည်။

## (၃၇) ဝမ်းဗိုက်ပိုးများ

အကြင်သူကြက်သွန်ဖြူစားသောအကျင့်ရှိပါက ဝမ်းဗိုက်ပိုးများ၏အန္တရာယ်မှ ဘေးကင်းကြသည်။ ကြက်သွန်ဖြူ၏အပူဓါတ်က ပိုးမွှားများကိုဖြစ်ပေါ်စေခွင့်ပင်မပေးပါ။ ဝမ်းပိုးရောဂါရှိသူကို ကြက်သွန်ဖြူအတက် ၃-၄ တက်နေ့စဉ်ကျွေးလျှင် ဝမ်းတွင်းပိုးမွှားများသေ၍ အပြင်ထွက်သွားသည်။

## (၃၈) သရက်ရွက်ရောင်ခြင်း

ရာသီဖျားတွင်အများအားဖြင့် ရေအေးသောက်ခြင်းကြောင့် သရက်ရွက်ရောင်လာတတ်သည်။ ဤရောဂါသည် တော်တော်နှင့်မပျောက်ပါ။ ရောဂါပေါင်းစုံကုပြီးလက်မဲ့ထိုင်နေသူများ ဒုနှင့်ဒေးပင်။ ကျွန်ုပ်အနေဖြင့် كنز المجربات ကျမ်းမှာ ဆေးနည်းရေးပြခဲ့ပြီးပြီ၊ အသုံးတည့်၍မမှားပါ။ ရာပေါင်းများစွာ လူနာများကို စမ်းသပ်ပြီးပြီ။

هوا لشافى ကြက်သွန်ဖြူအရည် (၄)တိုလာမှ(၇)တိုလာထိ လူနာကိုနံနက်ချိန်တွင်တိုက်၍ ထပ်မံပြီးထောပတ်(၇)တိုလာ၊ ထန်းလျက်(၅)တိုလာ၊ ဂျုံမှုန့်နှင့်လုပ်ထားသောမုန့် မိုင်ဒဟ်နှင့်သကြားခဲရော၍လုပ်ထားသော မုန့်အချိုတိုက်ပါ။ (၃)ရက်အတွင်းကောင်းသွားမည်။

ကြက်သွန်ဖြူအရည်၏အလေးချိန် အချိန်အဆကို ရောဂါသည်၏ခံနိုင်ရည် အပေါ်အလျှော့အတင်းလုပ်နိုင်သည်။ တစ်ခုသတိထားရမှာက အပူဓါတ်ရှိသူများကို ဤဆေးလုံးဝမကျွေးရပါ။ စိတ်ဓါတ်နူးညံ့ပျော့ပြောင်းသူတို့ကိုလည်း မကျွေးရပါ။

## (၃၉) ဝမ်းဗိုက်နာခြင်း

هوالشافى ကြက်သွန်ဖြူအချို့ကိုကြိတ်၍ အလုံးလေးများလုပ်ထားပါ။ ၎င်းအလုံးလေးများကိုမျိုချပါ။ အလွန်ပြင်းထန်သောဗိုက်နာသူများပင်ပျောက်သွားမည်။ ကောင်းစွာစားလာမည်။

## (၄၀) အံ့ဖွယ်ဝမ်းနှုတ်ဆေး

ဆေးလောကမှာ ဝမ်းနှုတ်ဆေးရာပေါင်းများစွာရှိလေသည်။ သမားတော်ဝေလာယသ်အလီ၏အဆိုအရ အားလုံးထက်ထူးခြားသောဝမ်းနှုတ်ဆေးမှာ အလွန်ထူးခြား၏။ ပထမအကြိမ်မှာတော့မုချမစင်သည် ပါးပါးအရည်အဖြစ်ထွက်မည်။ ၎င်းနောက်တွင် အမျှင်များ (သို့) သလိပ်များထွက်လာမည်။ ၎င်းဖြင့် တခြားရောဂါအသီးသီးလည်း ကင်းစင်သွားသည်။ ထိုဆေးနည်းမှာ

هوالشافى ကြက်သွန်ဖြူ၂၅သား အကောင်းစားယူ၍ ၎င်းကိုပြစ်နေသောဒိန်ချဉ်တွင် တစ်ညလုံးစိမ်ထားပါ။ နံနက်ကျလျှင်ရေနှင့်ဆေး၍ အခွံကိုဖယ်လိုက်ပါ။ ထိုအခွံသင်ထားသောကြက်သွန်ဖြူကို ဆင်းနို့တုံးတွင်ထု၍ ချေပါ၊ ကြိတ်ပါ။ ထို့နောက် ထိုကြက်သွန်ဖြူထက် (၃)ဆ

များသောနို့တွင်ထည့်၍ မီးနှင့်ကြိုပါ။ ခိုဝါးအခဲဖြစ်သွားသည်အထိကြိုပါ။ (၃ရိ)ခွဲသားနွားနို့ထောပတ်ကို မီးပေါ်မှာချက်ပါ၊ အပူပေးပါ။ ၎င်းတွင်အထက်ကဖော်ပြခဲ့သောကြက်သွန်ဖြူခိုဝါးကို ကောင်းစွာရောမွှေပါ။ ခိုဝါးသည်နီရဲလာပြီး ထောပတ်နှင့်တခြားစီဖြစ်သွားလိမ့်မည်။ ထိုအခါ ပျားရည် ၁၂ ဒိ သားတွင် (သို့) သကြားဖြင့်ရောပါ။

**အသုံးပြုနည်း**။ ။ (၆)မာရှာခန့်သုံးပါ။ ကောင်းစွာဝမ်းသွားမည်။ အမျှင်များစမျဉ်းများသာကျမည်။ အဆစ်အမြစ်နာကျင်ခြင်း၊ သလိပ်၊ ချွဲတို့ကိုကင်းဝေးစေသည်။

## (၄၁) လိပ်ခေါင်း

هوالشافی သွေးလိပ်ခေါင်း၊ လေလိပ်ခေါင်းဖြစ်လျင် နွားနို့ထောပတ်အဝါ (၁၄)တိုလာ၊ ကြက်သွန်ဖြူ(၇)တိုလာကို နံနက်ချိန်တွင်ထောပတ်နှစ်တိုလာတွင် ကြက်သွန်ဖြူကိုကြော်ပါ။ ကျွမ်းလာသည်အထိကြော်ပါ။ ထိုကျွမ်းနေသောကြက်သွန်ဖြူကိုပစ်လိုက်ပြီး ထောပတ်ကိုနံနက်မျက်နှာသစ်ချိန်မှာသောက်ပါ။ အင်န်ရှာအလ္လာဟ်လိပ်ခေါင်းရောဂါပျောက်ကင်းမည်။ ကျင်ကြီးကောင်းစွာသွားလိမ့်မည်။

## သားရေပြားနှင့်အဆစ်အမြစ်ရောဂါများ

အထက်အမည်ပါရောဂါတို့အတွက် ကြက်သွန်ဖြူသည် အတော်ကောင်း၏။ အထက်ပါ(၄၁)နည်းအတိုင်းပြုလုပ်၍သုံးပါ။

## (၄၂) ယားနာ

هوالشافی ကြက်သွန်ဖြူရည်တစ်တိုလာတွင် မုံညင်းဆီအဆိတ်သားကိုရော၍ ကိုယ်ပေါ်မှာလူးပါလိမ်းပါ။ လူမမာကိုနေပူတွင်တစ်နာရီခန့်ထိုင်စေ၍ ရေနွေးနှင့်ရေချိုးပေးပါ။ ယားနာအတွက် အတော်အကျိုးထူးသည်။

## (၄၃) ပွေး၊ ယားနာအဖုများ

هوالشافی ကြက်သွန်ဖြူကိုကောင်းစွာကြိတ်၍ ပျားရည်စစ်စစ်ရော၍ အနာပေါ်မှာလိမ်းပေးပါ။ အကြိမ်အနဲငယ်လိမ်းပေးလျှင် بفضله تعالی ပွေးနှင့်ယားနာအဖုလုံးဝကောင်းသွားမည်။

**မှတ်ချက်။** ။ ပျားရည်မရောဘဲ ကြက်သွန်ဖြူချီလိမ်းပေးလျှင်လည်းအကျိုးထူးသည်။ တခါနှစ်ခါလိမ်းရုံဖြင့် သက်သာသွားသည်။ သို့သော် ပူစပ်သည့်အတွက် အပူနှင့်ဒုက္ခအနည်းငယ်ခံရမည်။ သို့ဖြစ်၍ ပျားရည်ရောခိုင်းခြင်းဖြစ်သည်။

(၄၄) ကြက်သွန်ဖြူအရည်တစ်တိုလာတွင် ဘိန်းတစ်မာရှာခန့်ရော၍ပွေးအပေါ်လိမ်းပါ။ အင်န်ရှာအလ္လာဟ် ၃–၄ ရက်တွင် ပွေးအမှတ်လက္ခဏာပင်ကျန်တော့မည်မဟုတ်ပါ။

## (၄၅) အပူနာပူများ

အနာပုတွင်ပြီမတည်သေးလျှင် ၎င်းအပေါ်ကြက်သွန်ဖြူကိုရှလကာရည်တွင်ကြိတ်၍ လိမ်းပေးလျှင် بفضله تعالی လျင်မြန်စွာပျောက်ကင်းသွားသည်။ အနာရောင်ရမ်းမှု

မရှိတော့ဘဲ ပိန်ကျသွားသည်။ သွေးသန့်ပြီးပြန့်သွားကာ အညီအမျှဖြစ်သွားသည်။ သို့ဖြစ်၍ အနာပုဖြစ်လျှင်အမြန် ဤနည်းကိုအသုံးပြုသင့်သည်။ အနာမှည့်သွားလျှင် ကြက်သွန်ဖြူအရည်ကိုဘာ လိမ်းပေးပါ။

## ဆံပင်ကျွတ်ခြင်း

ဤသည်အလွန်ကြောက်မက်ဖွယ်ကောင်းသောရောဂါဖြစ်သည်။ ဦးခေါင်းမုတ်ဆိတ်နှင့် နှာခေါင်းမွှေးတို့တွင် အမွှေးများပြောင်သွားသည်။ အဘယ်မျှလှသူဖြစ်ပါစေ အရုပ်ဆိုးသူဖြစ်သွားသည်။ ၎င်းအတွက်လည်း ကြက်သွန်ဖြူသည်အကျိုးရှိသည်။ အောက်တွင်ဆေးနည်းတစ်ခုရေးထားသည်၊ သုံးကြည့်ပါ။

(၄၆) هوالشافي ကြက်သွန်ဖြူကိုသံလွင်ဆီတွင် ဆေးကြိတ်ဆုံတွင် အနည်းငယ်ကြက်ဥအကာရည် (အဖြူရည်) ထည့်ပါ။ မိမိဆံပင်ပေါက်စေလိုသောနေရာတွင် လိမ်းပေးပါ။ အကြိမ်အနည်းငယ်လိမ်းပေးလျှင် အသင်ကိုယ်တွေ့ မြင်တွေ့ရမည်၊ စမ်းကြည့်ပါ။

## သမင်ဖြူ (ခရုသင်း) ရောဂါ

၎င်းကိုဖလ်ဗဲဟ်ရီး (သို့) အဖြူနုနာဟုခေါ်ကြသည်။ ကိုယ်ခန္ဓာနေရာအနှံ့တွင် အဖြူကွက်များပေါ်လာသည်။ တဖြည်းဖြည်းနှင့်ပွားလာသည်။ ဆေးမကုမီရောဂါဖြစ်သောနေရာပေါ် အပ်နှင့်စိုက်ကြည့်ပါ။ သွေးထွက်လာလျှင် ရောဂါသည်ကုရ၍ရနိုင်သည်။ သွေးမထွက်လျှင် မရနိုင်ပါ။

## (၄၇) သမင်ဖြူကိုအပြင်မှကူသမှု သမင်ဖြူပျောက်ဆေးဆီ

هوالشافی လတ်ဆတ်သောကြက်သွန်ဖြူကိုယူ၍ နွှာပါ။ (သင်ပါ) အဆိတ်သားရှိပါစေ၊ ကြီးသောကြိတ်ဆုံတွင်ကြိတ်ပါ။ ဂျုံနယ်ထားသကဲ့သို့ဖြစ်သွားလျှင် မုံညင်းဆီစစ်စစ်ကိုထိုထဲတွင်(၅)တိုလာခန့်ထည့်ပါ။ ထုထောင်းနေပါ။ ဆီအစစ်တစ်စီယာထိုထဲတွင်ရောသွားပါစေ ဒယ်ပိုင်းတခုတွင်ထဲ့၍ မီးဖိုပေါ်မှာတင်ခါအပူပေးပါ၊ မီးမပြင်းပါစေနှင့်။ သို့မှသာဆီတွင်မီးကူးမည်မဟုတ်ပါ။ ကြက်သွန်ဖြူလောင်ကျွမ်းပြီး မုံညင်းဆီသာကျံသောအခါ မီးဖိုပေါ်မှချ၍အအေးခံပါ။ အဝတ်စသည်တို့နှင့်စစ်၍ ပုလင်းထဲထည့်ထားပါ။

**အသုံးချနည်း။** ။ သမင်ဖြူကွက်များပေါ်နေ့ပိုင်းတွင် (၃-၄)ကြိမ်လိမ်းပေးပါ။ بفضله تعالی ရက်အနည်းငယ်လိမ်းလျှင် ကြည့်မကောင်းသောအကွက်များ ကင်းစင်၍ နဂိုအရောင်တောက်လာမည်။

(၄၈) هوالشافی ကြက်သွန်ဖြူကိုအခွံနွှာ၍ ပါးပါးအမှုန့်ဖြစ်အောင်ကြိတ်၍ နေ့ပိုင်းတွင်ခရသင်းဖြစ်သည့်နေရာတွင် နှစ်ကြိမ်သုံးကြိမ်လိမ်းပေးပါ။ ၎င်းကိုလိမ်းသောအခါ အဖုများထလာမည်။ ရက်အနည်းငယ်ကြာပြီးနောက် ပေါက်သွားမည်။ ဤမျှသည်းမခံနိုင်သူများ အသုံးမပြုကြပါနှင့်။

(၄၉) ကြက်သွန်ဖြူအဝက်သားကို (၁၂ ဒ္ဓ သား) မှုန့်ညက်သွားအောင်ကြိတ်ပါ။ ၁၂ ဒ္ဓ သားနှမ်းဆီ၌ထည့်၍

အပူပေးပါ။ ကြက်သွန်ဖြူကျွတ်ပြီးမဲသွားသောအခါ အောက်ချ၍စစ်လိုက်ပါ။ နေ့ပိုင်းတွင်(၃–၄) ကြိမ်အကွက်များအပေါ်လိမ်းပေးပါ။ အင်န်ရှာအလ္လာဟ် ရက်အနည်းငယ်အတွင်း အကျိုးရှိမည်။

(၅၀) ကြက်သွန်ဖြူအနည်းငယ်ယူ၍ ၎င်းကိုကြိတ်ပါ။ ၎င်း၏အရည်တွင် အရက်ပြန်(၄)ဆရောရ၍ ၎င်းကိုဂွမ်းစဖြင့် နေ့အခါနှစ်ကြိမ်လိမ်းပေးပါ။

(၅၁) ကြက်သွန်ဖြူကိုထုထောင်း၍ ၎င်းတွင် ဖ ဝက်သာရောပါ။ အဖြူကွက်များအပေါ်လိမ်းပါ။ ရက်အနည်းငယ်အတွင်း အဖြူ ကွက်ပျောက်ရန်နဂိုအတိုင်းဖြစ်လာမည်။

## (၅၂) ကြက်သွန်ဖြူကတခု အကျိုးကမရေတွက်နိုင်

هوالشافی ကြက်သွန်ဖြူ (၂၅)သား ပါးပါးကြိတ်ပါ။ (ကြက်ဆူဆီ) ဝမ်းနှုတ်ဆီအစိတ်သားတွင်ရော၍ မြေအိုးတွင်ထည့် အဖုံးအုပ်ခါ လုံအောင် လုပ်၍မြေတူပြီးမြှုတ်ထားပါ။ အိုး၏အပေါ်အောက်တွင် မြင်းချေးများထည့်ပါ။ ရက်(၄၀)နောက်မှ ဖော်ပါ။

**အသုံးပြုနည်း။** ။ တီဗွီအဆုပ်ရောဂါသည်ကို နံနက်ညနေ ၄–၄ ရတီခန့်အချိုမုန့်တစ်မျိုးဆေးတွင်ထည့်၍ကျွေးပါ။ သုံးလကြာအထိကျွေးလျှင် ရင့်ကြာနေသောရောဂါများပင်ကောင်းသွားမည်။

သွေးမကောင်းခြင်းရောဂါများအတွက် (၃)မာရှာ

နံနက်၊ (၃)မာရှာညနေကျွေးပါ။

နူနာရောဂါသည်များ နံနက်ညနေ (၆)မာရှာစီ ကျွေးပါ။ ရောဂါဖြစ်ခါစတွင် သုံးလေးလထိနောက်ဆုံး အခြေအနေတွင် (၆)မာရှာကျွေးပါ။ ရောဂါဖြစ်ခါစတွင် (၃-၄)လနောက်ဆုံးအခြေအနေတွင် (၆)လအသုံးပြုပါ ကျွေးပါ။ အနူရောဂါမှလုံးဝသက်သာမည်။

## အဆစ်အမြစ်နာ

وجع المفاصل သည် အာရဗီအမည်ဖြစ်သည်။ အဝိပ္ပါယ်မှာ အဆစ်အမြစ်နာအစပထမတွင် အဆစ်အမြစ်တွင်နာကျင်စဖြစ်၍ တဖြည်းဖြည်းလမ်းလျှောက်ခြင်း၊ ထိုင်ထခြင်း၊ လဲလျောင်းခြင်းပင်မပြုနိုင်ချေ။ အလွန်ဆိုးသောရောဂါဖြစ်သည်။ အလ္လာဟ်အရှင်စောင့်ရှောက်တော်မူပါ။ ကြက်သွန်ဖြူသည် ၎င်းရောဂါအတွက် အစွမ်းထက်၏။

(၅၃) ဆီးရှ်တေဆေး ဤတေဆေးသည် အဆစ်အမြစ်နာသူတို့အတွက် အကောင်းဆုံးဆေးဖြစ်သည်။ ဆေးနည်း (၇)တွင် ဖော်ပြပြီးဖြစ်သည်။

## (၅၄) ကြက်သွန်ဖြူဟာလဝါ

ဤဟာလဝါသည် အဆစ်အမြစ်နာအပြင် လေနှင့်သလိပ်ကိုလည်းပျောက်ကင်းစေသော အကောင်းဆုံးဆေးတစ်လက်ဖြစ်သည်။ ကျောက်ကပ်ကိုလည်း အားပေးသည်။

နည်းလမ်းမှာ။ ။هوالشافي ကြက်သွန်ဖြူတစ်

တက်ကို သင်လိုက်ပါ။ နွားနို့ (၅၀)သားတွင်ချက်ပါ။ နွားနို့ကောင်းစွာဆုပ်သွားလျှင် ထောပတ်တွင်ကြော်ပါ၊ နီလာသောအခါသကြား (၅၀ါး)တွင်ရော၍ ဟလဝါထိုးပါ။

**စားနည်း။** ။ နေ့စဉ်(၂)တိုလာစားပါ။ အရှင့်အလိုတော်နှင့် ရောဂါသက်သာသွားမည်။ အလွန်အကျိုးရှိ၍ အစွမ်းထက်သောဆေးနည်းဖြစ်သည်။

## (၅၅) လိမ်းဆေးဆီ

အအေးကြောင့်နာကျင်သောအနာများ၊ အဆစ်အမြစ်နာများအတွက် အထူးအကျိုးရှိသည်။

هوالشافی ကြက်သွန်ဖြူအတက်ကို တစ်တိုလာစီထုပ်၍ အထုပ်လေးများလုပ်ထားပါ။ (၁၀) ထုပ်ထုပ်ပါ။ ၁၂ $\frac{1}{2}$ ကျပ်သား နှမ်းဆီကိုမီးပေါ်အပူပေးပါ။ ဆီကျက်လာပါက ကြက်သွန်ဖြူတစ်ထုပ်ထဲ့လိုက်ပါ။ ဤသို့ဖြင့် (၁၀) ထုပ်လုံးကိုကြော်ပါ။ ထိုဆီ၌ အင်္ဂလိပ်ဖယောင်းနှစ်တိုလာထည့်၍ ချလိုက်ပါ။ လိမ်းဆီအဆင်သင့်ဖြစ်သွားပြီ၊ ၎င်းကိုလိမ်းပေးပါ။

အဆစ်အမြစ်နာ အင်န်ရှာအလ္လာဟ်ပျောက်၍ အကိုက်ပြေသွားမည်။ နံရိုးနာကျင်သူကိုလိမ်းပေးလျှင်လည်း အကျိုးရှိသည်။

**မှတ်ချက်။** အဆစ်အမြစ်နာအတွက် နောက်ဆုံးအခန်းတွင်ဆေးနည်းပါသည်။

(၅၆) မုံညင်းဆီတွင်ကြက်သွန်ဖြူကိုထဲ့၍ကျွဲပါ၊ စစ်ပါ။ ၎င်းဆီကိုလိမ်းပေးပါ။ ဤဆေးသည်လည်း အဆစ်အမြစ်နာအတွက် ကောင်းသည်။

# အမျိုးသား/သမီးတို့၏သီးသန့်ရောဂါများ

အမျိုးသားရောဂါတွေကတော့အများကြီးပါဘဲ၊ ဂျရီ ယန်သုတ်ယိုခြင်း၊ ညသုတ်လွှတ်ခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ ကာမအားနည်းခြင်း စသည်များဖြစ်သည်။ ဤနေရာတွင်ကာမအားနည်းရောဂါအတွက် အံ့ဖွယ်အစွမ်းထက်ဆေးနည်းများဖော်ပြပါမည်။ အဘယ်ကြောင့်ဆိုရသော် ကြက်သွန်ဖြူတွင် ဤအချင်းလက္ခဏာထူးခြားစွာပါရှိလေသည်။ ဤဆေးဖြင့်အကြောအချင်းများအားကောင်းလာပြီး ကာမအားကိုတိုးပွားစေပါသည်။ အိပ်ပျော်နေသောအင်အားများအားကောင်းနိုးကြားလာပြီး သေနေသော်အကြောများတွင် အသက်ဝင်လာပါသည်။ စိတ်ထဲတွင်မျှော်လင့်ချက်များထကြွမှုများဖြစ်ပေါ်လာပြီး အမှန်တကယ်ပင်လူသားသည် လူပျိုပြန်၍ဖြစ်လာပါသည်။ သို့သော်လည်း အကျိုးမဲ့ကာမရမက်အတွက် ကြက်သွန်ဖြူကိုများစွာမသုံးသင့်ပေ။ လိုအပ်သည်ခန့်သာ အားဆေးများကိုစားသုံးသင့်ပါသည်။

## ကာမအားအတွက်စားဆေးများ

ဦးစွာပထမစားဆေးများရေးပါမည်။ နောက်လိမ်းဆေးများအခြားဆေးများရေးပါမည်။

## (၁၇) တက်ကြွအားတိုးဆေး

၎င်းဆေးသည် အရှင့်အလိုတော်နှင့် ပန်းသေနေသူကိုလန်းဆန်း၍ ယောက်ျားပီသလာစေပါသည်။ ထိုကိစ္စအတွက် ဤဆေးသည် အတုမရှိချေ။

هوالشافى အခွံခွာထားသောကြက်သွန်ဖြူ ၁၂ ပုံ ကျပ်သား(အဝက်သား) ကိုကြိတ်၍ နွားနို့တပိဿာတွင် ထည့်၍ မီးအေးအေးဖြင့်ချက်ပါ။ နို့ဝါးဖြစ်သည့်အထိချက် ပါ။ တဖန် ထိုနို့ဝါးကို နွားနို့ထောပတ်အဝက်သားတွင် ကောင်းစွာကြော်ပါ။ မီးဖိုပေါ်မှချ၍ ပျားရည် (၅၀)သား စစ်စစ်တွင်ရောမွှေ၍ ကြွေ(သို့) မြေပုံတွင်ထည့်၍ ဂျောင် (မှုယောစပါး)အပုံတွင်(၇)ရက်တိုင် ထည့်ထားပါ။ ၎င်း နောက် နေ့စဉ်တစ်တိုလာနံနက် ညနေနွားနို့နှင့်ရော သောက်ပါ။ بفضله تعالى ရက်အနည်းငယ်အတွင်းမှာ ယောက်ျားမပီသမှု(ပန်းသေခြင်း) ပန်းပျော့ခြင်း ကင်း ဝေးပျောက်သွားပြီး အတိုင်းအဆမရှိခွန်အားတိုးလာမည်။

## (၅၈) ဆီးရိုးတေဆေး

၎င်းဆေးနည်း အမှတ်(၆)တွင်ရေးခဲ့ပြီး ကုန်ဆုံး (ခမ်း)သွားသောအားအင်များပြန်၍ တိုးလာစေရန်အလွန် အစွမ်းထက်သည်။ ယူနာနီသမားတော်တိုင်း လက်ခံကြ သည်။

(၅၉) ဤဆေးသည်လည်း ကာမအားအတွက်အ စွမ်းထက်သည်။ ကုန်ခမ်းသွားသောအားများနှင့် လူပျိုဘဝ ကို အသစ်တဖန်ပြန်၍လန်းဆန်းသစ်လွင်စေပါသည်။ မျှော်လင့်ချက်ကင်းမဲ့နေသူများ လက်ဖြင့်သုတ်လွှတ်သူ များအတွက် မမျှော်လင့်ဘဲရရှိသောနေ့အ်မယ်တစ်ပါးပင်။ တစ်ပါတ်တိတိ အသုံးချကြည့်လျှင် အတိုင်းအဆမရှိကာမ အားပြန်၍ရရှိမည်။

هوالشافى အခွံနွာပြီးကြက်သွန်ဖြူ ဖါလာစေ့အဖြူ ဘာဒမ်စေ့တခုစီကိုနှစ်တိုလာခွဲစီ အားလုံးကိုထုထောင်း၍ နွား(သို့)ကျွဲနို့အဝက်သားတွင်ကျိုပါ။ ၎င်းရဲ့တစ်ဝက်အထိကျိုပါ။ နောက်ပျားရည်တော်သင့်ရုံထည့်၍သောက်သုံးပါ။

## ကွ ရှုသာအားဆေးများ

ကန့်နှင့်ပြဒါးရော၍ဖော်ဆပ်ထားသောသတ္တုတစ်မျိုးအနီရောင်သုတ်ထားသောသတ္တုဆေး၊ ကြက်သွန်ဖြူနှင့်ဖော်စပ်ထားသည့်ဆေးသည် ကာမအားတိုးပွားရန်အလွန်ပင်အကျိုးရှိပါသည်။ ၎င်းဆေးနည်းကို နောက်ဆုံးအခန်းတွင် ဖော်ပြထားသည်။

## (၆၀) ပန်းသေလိမ်းဆေး

هوالشافى ကြက်သွန်ဖြူအရည် (၁၀)တိုလာ၊ ရိုးရိုး ဆီ(၁၀)တိုလာကိုရော၍ မီးပေါ်တင်ပါ၊ ရေခမ်း၍ဆီသာကျန်တော့လျှင် မီးဖိုပေါ်မှချ၍ ပုလင်းထဲထည့်ထားပါ။ ညအချိန် လိင်တန်ထိပ်ဖျားကွမ်းသီးလုံးနှင့် အောက်ပိုင်းအချောင်းကိုလွှတ်၍ ကျန်အပိုင်းကိုလိမ်းပေးပါ။ ထို့နောက် ကွမ်းရွက်နှင့် သဘော်ကြက်ဆူအရွက် ကိုပတ်၍စီးထားပါ။ စီးလျက်ညအိပ်ပါ။ ဤနည်းအတိုင်း(၁၀)ရက်(၁၂)ရက်လိမ်းပေး လူးပေးလျှင် အားအင်များပြန် ဖြစ်လာမည်။ လန်းဆန်းလာမည်။

## အစွမ်းထက်သည့်လိမ်းဆေးတစ်မျိုး

هوالشافى ကြက်သွန်ဖြူ (၄)တိုလာ အလ်စီ၏ ဆီ(၅)တိုလာ၊ ဘိန်းစေ့၊ ကုက္ကရာ၊ သံပုရာစေ့၊ ဆတ်စပါး (ရှမ်းနှမ်းစေ့) တစ်တိုလာစီ။

**ဆေးစပ်နည်း။** ။ ကြက်သွန်ဖြူကိုကြိတ်၍ထားပါ။ ပုဂံတခုတွင်ရေ (၇၅) ကျပ်သားခန့်ထည့်၍ ထိုရေတွင် ရှမ်းနှမ်းစေ့ဆီကိုလောင်းထည့်ပါ။ ကြက်သွန်ဖြူကြိတ်ထားတာလဲထည့်လိုက်ပါ။ ရောမွှေ၍ မီးပေါ်တင်ပါ။ ရေခမ်းသွားသောအခါ ဆီကိုစစ်ယူလိုက်ပါ။ ထိုဆီတွင်အထက်ပါ ပစ္စည်းသုံးမျိုးထည့်၍ မီးအေးအေးဖြင့်အပူပေးပါ။ ဆီ တစ်ဝက်ခန့်ကျန်သောအချိန်တွင်ချ၍ စစ်ယူပါ။

**အသုံးပြုနည်း။** ။ လိင်တန်ထိပ်ဖျားနှင့် အတန်အချောင်းကိုလွှတ်၍ ကျန်အစိတ်အပိုင်းကိုလိမ်းပေးပါ။ (၃)ပတ်ဆက်တိုက်လိမ်းပြီးလျှင် အားနည်းချင်းပေါင်းစုံ ပျောက်ကင်းမည်။

## (၆၂) အကြောများမှအရည်ထုတ်ပစ်နည်း

ရောဂါသည်တဦးသည် အကောင်းတကာ့အကောင်းဆုံးဆေးများ လိမ်းဆေးများဖြင့်အကျိုးမရှိလျှင် ၎င်း၏အကြောများမှ အောက်ပါနည်းဖြင့်အဖုများဖြစ်စေ၍ ရေများကိုထုတ်ပစ်လျှင် အထဲမှအဆိပ်သင့်စေသောဓါတ်များ ထွက်သွားပြီးသက်သာမှုရမည်။

**ဆေးနည်း။** ။ ကြက်သွန်ဖြူကိုနွှာ၍ ကြိတ်ဆုံတွင်ထည့်၍ ကောင်းစွာထောင်းပါ (သို့) ကြိတ်ပါ။ ည

အချိန်တွင် ပထမလိင်တန်၏ ကျောဘက်ပိုင်း၊ နံဘေးပိုင်းကိုရေနွေးအပူဖြင့် (ခံနိုင်ရည်ခန့်အပူ)ဆေး၍ ပိတ်ကြမ်းဖြင့်နီလာအောင်ပွတ်တိုက်ပါ။ နီလာသောအခါ ကြက်သွန်ဖြူပတ်တီးစီးလိုက်ပါ။ လိင်တန်ပေါ်မစီးမိစေနှင့်။ ခဏအကြာတွင်ပူ၍ ဘုများထလာမည်။ ခဏဒုက္ခကိုသီးခံပါ၊ လိင်တန်ကြွလာသောအခါ သဘောက လိင်တန်အကြောတင်းလာသောအခါ ပတ်တီးကိုဖြည်ချလိုက်ပါ။ နံနက်ရောက်သော်ဘုလေးများကို အပ်ဖြင့်ဖောက်၍ဘုထဲမှအရည်များကိုထုတ်လိုက်ပါ။ အပေါ်ကနေ မခမ်းလိမ်းပေးနေပါ။ ဤနည်းဖြင့်လုံးဝလိင်တန်ထကြွခြင်းမရှိဘဲ ပန်းသေနေသူများ တဖန်ပြန်၍ အားကောင်းလာကြသည်။ သို့သော် ဤနည်းကိုတခြားဆေးနည်းများမရှိမှ နောက်ဆုံးအနေဖြင့်သုံးပါ။

## ကိုယ်ဝန်ရှိမရှိသိနိုင်ရန်

(၆၃) وَاللّٰهُ أَعْلَمُ အမျိုးသမီးသည် နံနက်အိပ်ယာထချိန် ကြက်သွန်ဖြူတစ်တက်ကိုယူ၍ မိမိအရှက်အတွင်းထည့်ထားပြီး (၃)နာရီခန့်အိပ်လိုက်ပါ။ နိုးလာသောအခါ ကြက်သွန်ဖြူအနံ့ပါးစပ် (သို့) နှာခေါင်းတွင်ရပါက ကိုယ်ဝန်မရှိသေးပါ။ အနံ့မရပါကကိုယ်ဝန်ရှိသည်။ ﴿وَاللّٰهُ أَعْلَمُ﴾

## (၆၄) ခမ္မတာစီးဆင်းရန်

ကြက်သွန်ဖြူကိုရေတွင်ပြုတ်၍ ပြုတ်ရည်(သတ္တုရည်) လုပ်ထားပါ။ ရေစည်တခုတွင်ထည့်ထားပါ။ ဝမ်းဗိုက်ကိုစည်တွင်ထား၍ ခြေထောက်ကိုအပြင်ထုတ်ထားပါ။

ခေတ္တခဏထိုသို့နေခြင်းဖြင့် ဆီးကောင်းစွာဆင်းလာမည်။ ပိတ်နေသောဓမ္မတာပွင့်လာလိမ့်မည်။

## ဆေးနည်းပေါင်းစုံ

**အဆိပ်ရှိသတ္တဝါအကောင်ကိုက်လျှင်ကုသဆေး**

အဆိပ်ရှိအကောင်ကိုက်၍ အဆိပ်ပြေစေလိုလျှင် ကြက်သွန်ဖြူသည် အကောင်းဆုံးအဆိပ်ဖြေဆေးဖြစ်သည်။ သို့သော် မသိနားမလည်၍ အများသူငါအကျိုးမခံစားရချေ။ (သိသူဖော်စား မသိသူကျော်သွား) ဖြစ်ရသည်။ သိထားလျှင် လိုအပ်ချိန်တွင်ဆေးဆိုင်သို့ပြေးရမည့်အစား လျှင်မြန်စွာပင် (အိမ်မှာပင်ရနိုင်သောအဆိပ်ဖြေဆေး)ဖြင့် အကျိုးခံစားနိုင်သည်။

## မြွေဆိပ်

မြွေအမျိုးအစားက အမျိုးမျိုးရှိသည်။ တချို့က အဆိပ်ပြင်း၍ တချို့ကအဆိပ်မပြင်းပေ။ အဆိပ်ပြင်းလျှင် ကုသချိန်သိတ်ပြီးမရနိုင်ချေ။ သို့ဖြစ်၍ ဆေးနည်းတစ်ခုတည်းအပေါ်အားထားခြင်းသည် မလျော်ကန်ပါ။ မည်သို့ဆိုစေ ကြက်သွန်ဖြူသည် အဆိပ်ဖြေရာတွင်အစွမ်းထက်လှသည်။ خزائن الادویہ ကျမ်းပြုစုသူက အဘယ်မျှရေးထားသနည်းဆိုမူ ကြက်သွန်ဖြူရှိသောနေရာတွင် ၎င်း၏အနံ့ဖြင့် မြွေလဲမလာရဲချေ။ واللہ اعلم ဆေးနည်းတခုနှစ်ခု ရေးပြပါမည်။

## (၆၅) မြေဆိပ်ဖြေဆေး

هوالشافی ကြက်သွန်ဖြူတစ်တိုလာကို နွားနို့အဆိတ်သားတွင်ဖျော်၍ ရောဂါသည်ကိုတိုက်ပါ။ တချို့အချိန်တွင် ဤဆေးဖြင့်အဆိပ်ပြယ်သွားပါသည်။ သို့သော် ဤအချက်ကိုမှတ်ထားပါ၊ ဤဆေးဖြင့်ကုပြီးသည့်နောက်တွင်လည်း အဆိပ်လက္ခဏာကျန်နေသေးလျှင် တခြားဆေးနည်းတစ်ခုကိုထပ်ပေးပါ။

(၆၆) هوالشافی ကြက်သွန်ဖြူတစ်ဥကိုနွားနို့အဆိတ်သားတွင်ကြိတ်၍ ချက်ခြင်းလူမမာကိုတိုက်ပါ။ بفضله تعالیٰ မြွေပေါက်ခံရသူကောင်းသွားမည်။ မြွေပေါက်ခံရသူမေ့နေလျှင် ဇဝက်သာကိုအမှုန့်ကြိတ်၍ စွန်ရှိမာကဲ့သို့ မျက်လုံးတွင်ဆွဲပါ။ ဒုတ္တာတစ်ရသီကြိတ်၍ အမှုန့်ဖြစ်သွားလျှင်လူမမာနှာခေါင်းတွင်မှုတ်ပါ။ အင်န်ရှာအလ္လာဟ်သတိလည်လာမည်။ နိုးလာသောအခါ ချက်ချင်းကြက်သွန်ဖြူကို နွားနို့တွင်ကြိတ်ထည့်၍တိုက်ပါ။ ဤသည်စမ်းသပ်ပြီးဆေးနည်းဖြစ်သည်။

## (၆၇) မြွေကင်းအဆိပ်ဖြေဆေး

هوالشافی ကြက်သွန်ဖြူအရည် (၃)တိုလာ ပျားရည်အစစ်(၃)တိုလာကိုရော၍ ရက်လျှင်မြွေကင်းအဆိပ်အလ္လာဟ်အရှင့်အလိုတော်နှင့်ပျောက်သွားမည်။ အလွန်အစွမ်းထက်သည်။ ﴿مخزن الادویه﴾

## လွယ်ကူသောကင်းဆိပ်ဖြေဆေး

ကင်းသည်ယယ်သောအကောင်ဖြစ်သော်လည်း

အကိုက်ခံရသူသည် သေလုမျောပါးခံရသည်။ ပိုဆိုးသည်က (၂၄)နာရီကြာသည့်ခန့်အဆိပ်မပြေနိုင်ပါ။ အလ္လာဟ် အရှင့်ကျေးဇူးပါဘဲ အိမ်တိုင်းမှာ ၎င်းအဆိပ်ဖြေဆေးကို ပေးထားသည်။

ہوالشافی သားနှင့်ကြက်သွန်ဖြူနှစ်မျိုးကို ကြိတ်လိုက်ပါ။ ကင်းကိုက်ထားသောနေရာတွင်လိမ်းပေးပါ။ အလ္လာဟ်အလိုတော်နှင့်ချက်ခြင်းအဆိပ်ပြေ၍ ရောဂါသက်သာသွားမည်။ ကြည့်စမ်းပါ အဘယ်မျှလွယ်သောဆေးဖြစ်သနည်း။

(၆၉) ကြက်သွန်ဖြူနှင့်အခြောက်လှမ်းထားသော သရက်သီးခြောက်ကိုကြိတ်၍ ရေနှင့်ရောကာ မြွေကင်းကိုက်သောနေရာသို့လိမ်းပေးလျှင် လုံး၀ကောင်းသွားမည်။

(၇၀) ကြက်သွန်ဖြူကိုရှလကာရည်တွင်ရော၍ ကြိတ်ပြီး မြွေကင်းသို့မဟုတ် ခွေးရူးကိုက်သောနေရာတွင် အကြိမ်ကြိမ်လိမ်းပေးလျှင် လုံး၀ကောင်းသွားမည်။

(၇၁) ကြက်သွန်ဖြူနှင့် ဟင်းသီးပြဒါးကိုကြိတ်၍ မုန့်ညှင်းဆီနှင့်ချက်ပါ။ ဆီကိုပြန်၍စစ်ပါ။ ကင်းကိုက်ခံရသူကို လိမ်းပေးပါ။ လူမမာကိုကြက်သွန်ဖြူကျွေးပါ။

## (၇၂) ခွေးရူးကိုက်လျှင်

ခွေးရူးကိုက်သော အဆိပ်ပြင်းကြောင်းလူတိုင်း မသိသူမရှိချေ။ ၎င်းဒဏ်သည် နှစ်များစွာကြာသွားလျှင်လည်း ပြန်မပေါ်ဘဲမနေချေ။ သမားတော်များက ၎င်း၏ အဆိပ်ဖြေဆေးသည် ကြက်သွန်ဖြူတွင်ရှိကြောင်း ရေးကြ

သည်။ ရှလကာရည်ကြက်သွန်ဖြူကိုကြိတ်၍ ကိုက်သော နေရာတွင်လိမ်းပေးပါက ၎င်း၏အဆိပ်တစ်ကိုယ်လုံးသို့ မပြန့်ပါ။ ကိုက်သောနေရာမှာပင် ညိမ်ဝပ်သွားမည်။ ကြက်သွန်ဖြူကြောင့် ၎င်း၏အရည်များထွက်ကျလာမည်။

## မြွေပါကိုက်အဆိပ်ဖြေဆေး

မြွေပါသည်မြွေ၏ရန်သူဖြစ်သည်။ ၎င်း၏အဆိပ်ဖြေဆေးဖြစ်သည်။ မြွေပါကိုယ်တိုင်တွင်လည်းအဆိပ်ရှိသည်။ ၎င်း၏အကိုက်ခံရလျှင် ပြင်းထန်သောဒုက္ခခံစားရသည်။ ၎င်း၏ ဖြေဆေးများလည်းကြက်သွန်ဖြူပင်ဖြစ်သည်။ လိုအပ်ချိန်ကြက်သွန်ဖြူကိုရေနှင့်ကြိတ်၍ ဒဏ်ရာပေါ်မှာလိမ်းပေးပါ။

## (၃၄) မျော့ကိုက်လျှင်

တချို့အခါတွင် မျော့ကိုက်လျှင်အနာမှည့်ပြီး ဒုက္ခရောက်တတ်သည်။ ၎င်းအတွက်ကြက်သွန်ဖြူကို ရေတွင်ရော၍ကြိတ်ပြီးလိမ်းပေးပါ။ بفضله تعالى မုချသက်သာသွားမည်။

## (၃၅) ဝမ်းရောဂါပလိပ်ရောဂါနှင့် ရာသီဖျား

သမားတော်များကအမိန့်ရှိသည်၊ အကြင်သူဝမ်းရောဂါ ကပ်ရောဂါများဖြစ်နေသောအခါတွင် ကြက်သွန်ဖြူအသုံးပြုပါက(စားပါက) ကပ်ရောဂါပိုးများကိုယ်တွင် မဝင်ရောက်နိုင်ချေ။ ဤသည်ကြိုတင်ကာကွယ်ပေးသော အကောင်းဆုံးဆေးဖြစ်သည်။

## (၇၆) အဖျား

အအေးကြောင့်ဖျားသောရောဂါကို နိုင်ဆေးကအာ လုပ်မလုပ်သော် နေ့စဉ်နံနက်ညနေကြက်သွန်ဖြူ၏ အ တက်များကိုပျားရည်နှင့်ရော၍ကျွေးလျှင် အဖျားပျောက် သွားမည်။

## (၇၇) သန်းများ

ကြက်သွန်ဖြူအရည်ကိုရေနှင့်ရော၍ ခေါင်းလျှော် လျှင် သန်းများသေသွားသည်။ ကြက်သွန်ဖြူအနံ့သည် ပိုးကောင်တိုင်းကိုသေစေသည်။

## ကြီးမားအစွမ်းထက်အဆိပ်ဖြေဆေး

ကြက်သွန်ဖြူအခွံနွာ၍ ဒိန်ချဉ်တွင်တညလုံးစိမ် ထားပါ။ နေ့ပိုင်းတွင် ကြက်သွန်ဖြူကိုနွားနို့ (၄)ဆတွင် ကြိုပါ။ နို့ဝါးဖြစ်သွားလျှင် ၎င်းတွင်သကြားခဲသင့်သလို ထည့်ပါ။ နေ့စဉ်တစ်တိုလာစားလျှင် မနီဖြစ်လာမည်။ အစာအိမ်ရောဂါများ၊ လေးဘက်နာ၊ လေဖြတ်၊ အဆစ် အမြစ်နာ၊ အသက်ကြီး၍အားနဲရောဂါအတွက် ပြိုင်စံရှား ဆေးဖြစ်သည်။ ဆောင်းရာသီတွင်စားပါက အားနည်းသူ အားကောင်းလာ၍ အင်အားသစ်တိုးပြီး ကိုယ်နွေးလာ မည်။

## (၇၈) ဘောကြီးရောဂါအတွက် မခွဲဆိပ်ရဘဲကုသနည်း

ဤဆေးသည် ဘောကြီးရောဂါအတွက် အကျိုးရှိ

သည်။ ၎င်းကိုအသုံးပြုခြင်းဖြင့် အလ္လာဟ်အလိုတော်ဖြင့် မခွဲစိပ်ရဘဲ ရောဂါပျောက်သွားမည်။

ہوالشافی ကြက်သွန်ဖြူ ၂၅ သား၊ နွားနို့မခမ်း ၂၅ သား၊ သကြားနီ ၂၅သား၊

**ဆေးစပ်နည်း။** ။ ကျောက်ပြားကြိတ်ဆုံတွင် ကြက်သွန်ဖြူ (၂၀)တိုလာ အခွံနွာပြီးထည့်၍ (၁၂)နာရီခန့် အထိ အားကောင်းသော လက်များဖြင့်ကြိတ်ပါ၊ မွှေပါ၊ နယ်ပါ၊ နောက်နေ့တွင်မခမ်း(၂၅)သားခန့်ထည့်၍ အထက်နည်းအတိုင်း (၁၂)နာရီကြာသည်ထိမွှေပါ။ တတိယ နေ့တွင်သကြားနီရော၍ အားကောင်းကောင်းဖြင့်ထုပါ။ အနှိုင်းမရှိတေဆေးရပြီမှတ်ပါ။

**အသုံးပြုနည်း။** ။ ဤတေဆေးကို (၆)မာရှာမှ (၁)တိုလာထိစားပါ။ နံနက်ပိုင်းမှာစားပါ၊ အလ္လာဟ်အလို တော်နှင့်တစ်ပါတ်အတွင်း ဖသစ်ကမည်သော ခေါင်းမာ သည့်ရောဂါမှ အောင်မြင်မှုရရှိမည်။ ဤ တေဆေးကိုပြု လုပ်လိုပါက လူတစ်ယောက်နှစ်ယောက်နှင့် အလုပ်မဖြစ် ပါ။ အနည်းဆုံး(၄)ဦးအလုပ်သမားရှိမှဖြစ်မည်။ သို့မှသာ အလှည့်ကျအင်အားအပြည့်ဖြင့် လုပ်နိုင်မည်။

## (၇၉) လေးဘက်နာ၊ အဆစ်အမြစ်ကိုက်ခဲနာ

လေဖြတ်၊ လေသင်တုန်း၊ ကိုယ်တစ်ခြမ်း၊ ပါးစပ် မျက်နှာတစ်ခြမ်းသေရောဂါ၊ အကြောအချင်ရော့ရောဂါ၊ ကိုယ်လက်တုန်ရောဂါ (သွက်ချာပါဒ) နမိုးနီးယားအားလုံး အတွက်အကျိုးရှိသည်။

## ကွမ်းရှိသာကျဉ်း (အားဆေးများ)

ကြက်သွန်ဖြူနှင့်ပြုလုပ်ထားသောဆေးတို့တွင် ထူးခြားချက်မှာ ၎င်းသည်အစာကြေစေသည့်အပြင် သလိပ်ရောဂါကိုလည်းပျောက်စေသည်။ အထူးသဖြင့် ကန့်နှင့်ပြဒါးရော၍ ဖော်စပ်ထားသောသတ္တုတစ်မျိုး (အနီရောင်) ၎င်းကိုကြက်သွန်ဖြူနှင့်ဖော်စပ်ထားသည်။ ထိုဆေးသည် အဆစ်အမြစ်နာ၊ ပန်းနာ၊ ယောက်ျားအားနည်းရောဂါအတွက် ထူးခြားသောဆေးဖြစ်သည်။

## (၈၀) ကန့်နှင့်ပြဒါးရော၍ဖော်စပ်ထားသော သတ္တုတစ်မျိုး ဆေးနံပါတ် (၉)

ကန့်နှင့်ပြဒါးရော၍ပြုလုပ်ထားသောသတ္တုတစ်မျိုး (၁)တိုလာကို ကြိတ်ဆုံတွင်ထည့်ကြိတ်ပါ။ ထိုထဲတွင် ကြက်သွန်ဖြူရေ ၃၇ ½ သားကြိတ်ဆုံဖြင့်ကြိတ်ရင်းခမ်းအောင်လုပ်ပါ။ ၎င်းကိုအတုံးလေးများလုပ်ခါ အခြောက်ပြုလုပ်၍ အပ်ချည်စိမ်းလိပ်ပတ်၍ ပုဂံတခုတွင်ထည့်၍ လေမထိသောနေရာတွင်မီးရှို့ပါ။ ဖြူသောကွမ်းရှိသာဖြစ်သွားမည်၊ သိမ်းထားပါ။

**အသုံးပြုနည်း။** ။ ရသီ၀က်မှ(၁)ရသီထိသကြားခဲ (သို့) မခမ်းတွင်ထည့်၍ကျွေးပါ။ ပန်းနာ၊ ချောင်းဆိုး၊ ကာမအားနဲ၊ အဆစ်အမြစ်နာတို့အတွက် အလွန်အကျိုးထူးသည်။

# (၈၁) ကာမအားတိုးဆေး

ဤကွရှိသာဟ်သည် ယောကျ်ားအားတိုးစေရန် အလွန်အကျိုးထူး၏။ ကြက်သွန်ဖြူလုံးချင်း တစ်လုံး၌ အကောင်းစားကိုထုထောင်းပါ။ သိပ်ပြီးညက်ရန်မလိုပါ။ မြေအိုးတအိုးယူပါ။ အိုဝကျဉ်တာကိုဝယ်ပါ။ ထောင်းထားသောကြက်သွန်ဖြူတစ်ဝက်ကိုထည့်၍ အပေါ်မှရှန်ဂရဖ်ရှူမီကို (၁)တိုလာထည့်ပါ။ ကျန်နေသောကြက်သွန်ဖြူကိုမြေအိုးထဲထပ်ထည့်၍ လက်နှင့်ဖိသိပ်ပါ။ ကြက်သွန်ဖြူကို ထုထောင်းကြိတ်သောအခါ ရေထွက်လာလျှင် ထိုရေကိုလည်းအိုးထဲထည့်ပါ။ ထို့နောက် အိုးထိပ်ကိုအဖုံးထည့်၍ မြေဖြင့်ကောင်းစွာကျန်လိုက်ပါ။ ပိတ်လိုက်ပါ။ မြေကြီးခြောက်သွားသည်အထိကျန်ပါ။ ထို့နောက်တွင် မြေအိုးကိုမီးဖိုပေါ်တင်၍ အောက်မှမီးကိုသိပ်လည်းမပြင်းသိပ်လည်းမပျော့စေဘဲ မီးကိုထိုးပါ။ ခုနှစ်နာရီခန့်ကြာသည်အထိမီးထိုးပါ။ ထို့နောက် မီးကိုရပ်လိုက်ပါ။ အိုးကိုမီးဖိုပေါ်မှာဘဲအေးသွားပါစေ၊ နောက်တဖြည်းဖြည်းချင်း အိုးဝကိုဖွင့်၍ ရှန်ဂရဖ်၏ကွရှိသာကိုထုတ်ယူပါ။ ရှန်ဂရဖ် အခဲတောင့်သည် အနည်းငယ်ပွနေမည်။ ၎င်းကိုတရက်တိတိ ဆတ်သွားဖူးအရည်တွင်ထည့်ကြိတ်၍ ပုလင်းထဲတွင် သိမ်းထားပါ။ စားရမှာကထမင်းလုံးစေ့ခန့်နှစ်စေ့မှလေးစေ့ခန့် မခမ်း(သို့)မလိုင်ဖြင့်စားပါ။ အင်န်ရှာအလ္လာဟ် ရက်အနည်းငယ်အတွင်း ယောကျ်ားအားတိုးလာ၍ အရောင်များနီလာမည်။ ၎င်းအပြင် လေးဘက်နာအဆစ် အမြစ်နာစသည်တို့

အတွက်လည်း အကျိုးရှိသည်။

## (၈၂) ရှန်ကရဖ်ဆီ

ရှန်ကရဖ်ရှမီ (၂)တိုလာကိုကြက်သွန်ဖြူရေ (၁၀) တိုလာတွင်ထုထောင်းကြိတ်၍ အတုံးလေးတွေလုပ်ထားပါ။ လက်မှာဆီသာမန်လူး၍ (၁၂)နာရီကြာခန့် ၎င်းကိုလက်နှင့်ကြိတ်ပါ။ ဆိတ်သားကီမာ ၁၂ ကျပ်သားကိုယူ၍ ပုဂံတစ်ခုတွင် အောက်မှထည့်၍ ၎င်းအပေါ်မှ ထိုအတုံးလေးများကိုထည့်၍ပိတ်လိုက်ပါ။ အိုးအောက်မှနာရီဝက်ထိမီးထိုးပါ။ နောက်အောက်သို့ချလိုက်ပါ။ ရှန်ကရဖ်၏ဆီကို ဆိတ်သားအရည်ဖြင့်ရောလျက်သားတွေ့ရမည်။ ဤဆေးသည် အတိုင်းမရှိအားဖြစ်စေသည်။ စားရမှာကဟာလဝါတွင်တစ်စက်ထည့်၍စားပါ။ လိင်တန်အပေါ်လိမ်းပေးလျှင် အလွန်ထူးသောအကျိုးခံစားရမည်။

## (၈၃) ကွရှ်သာစင်မ်မွလ်ဖါရ်း

စင်မ်မွလ်ဖါးရ်၏ကွရှ်သာသည် အများအားဖြင့် ပန်းနာ၊ ချောင်းဆိုး၊ လေးဘက်နာတို့အတွက် အကျိုးရှိသည်။ သို့သော် ၎င်းကိုကြက်သွန်ဖြူနှင့်ပြုလုပ်လိုက်ပါက ၎င်း၏အစရ်သည် တိုးပွား၍လာသည်။ အဘယ်ကြောင့်ဆိုရသော် သတ္တုနှင့်အကြင်အရာတွင် ﺔﺸﻛ ပြုလုပ်ရသည်။ ၎င်း၏အစရ်ကိုကောင်းစွာစုပ်ယူထားသည်။ ဤအတွက်ကြောင့်ပင် သတ္တုတခုခုနှင့်ပတ်သက်၍ ၎င်းကိုဆေးစပ်ပုံစပ်နည်း၊ ဆေးဖော်စပ်ပုံဖော်စပ်နည်းမသိရသေး

ပါက ဤဆေးသည်မည်သည့်ရောဂါအတွက်ဖြစ်သည်ဆို သည်ကို ခန့်မှန်းရခက်လှပေသည်။

## رفع البلغم ကွ၇်ရှိသာလုပ်နည်း

هوالشافی ကြက်သွန်ဖြူအရည်(၂၅)သား၊ ကြက်သွန်နီ အရည်အဝက်သားကိုရော၍ ကြွေပုဂံ(သို့)ဖန်ပုဂံအတွင်းမှာထားပါ။ နောက်စင်မ်မွှလ်ဖါရ်အခဲတောင့်ကို သံဒယ်ပြားပေါ်မှာတင်၍ အောက်မှမီးပူပူထည့်ပါ။ အပေါ်မှကြက်သွန်နီ+ဖြူအရည်ရောထားတာကို တစ်စက်ချင်းလောင်းနေပါ။ ရေအားလုံးစုပ်ယူသွားပါစေ၊ သတိထားရမှာက ၎င်းမှထွက်လာသောအခိုးအငွေ့ မီးခိုးကိုရှောင်ပါ။ မိမိနှာခေါင်းထဲမဝင်စေနှင့်၊ အလွန်အဆိပ်ပြင်းသည်။

ထို့နောက်တွင်ကြက်သွန်ဖြူ(၂၅)သားကို ထုထောင်း၍ ၎င်းကိုအခဲလေးတွေလုပ်ထားပါ။ ထိုထဲမှာ အဆိပ်၏အခဲတောင့်ကိုထားလိုက်ပါ။ ရှိမြဲအတိုင်းသံဒယ်ပြားပေါ်တင်၍ အောက်မှမီးထိုးပါ။ ကြက်သွန်ဖြူအတုံးလေးများကျွမ်း၍ ကျွတ်၍ပျာကဲ့သို့ဖြစ်သွားလျှင် အဆိပ်အခဲတောင့်ကိုထုတ်ယူလိုက်ပါ။ ဤသို့(၃)ကြိမ် ကြက်သွန်ဖြူကြိတ်အခဲတုံးလေးတွေလုပ် ကြားထဲမှာအဆိပ်အတောင့်ထည့်ပါ။ မီးထည့်ပြီးလျှင် کشتہ အဆင်သင့်ဖြစ်ပြီ၊ ကြိတ်၍သိမ်းထားပါ။

**အသုံးပြုနည်း။** ။ စားရမည့်နည်းမှာ ကွရ်ှသား အဆိပ်ဆန်စေ့တစ်စေ့စာခန့် ၎င်းတွင် ကဝိုးဆန်စေ့လေးစေ့ခန့် မခမ်းတွင်လိပ်၍ကျွေးပါ၊ စားပါ။ ၃–၄ ခါစားပြီးသည်နှင့်ယောက်ျားမပီသသူ ပန်းသေနေသူ ယောက်ျား

ပိသ၍ ပန်းကောင်းလာမည်။ ယောက်ျားအားနဂိုအတိုင်း ဖြစ်ပေါ်လာမည်။ ပန်းနာချောင်းဆိုးပျောက်သွားမည်။

## (၈၄) ကန့်ဆီ

ဂုင်းဆီကိုရရှိရန် လူတို့အရှုးအမူးရှာနေကြသည်။ တလောကလုံး ကန့်ဆီကိုရရန်လုံးပန်းနေကြသည်။ သို့သော စိတ်ချရသောဆေးအနည်းငယ်သာရသည်။ အများအားဖြင့် လက်မဲ့ဖြစ်ကြရသည်။ အစွမ်းထက်သော ဤသို့သောအရာများမရရှိခြင်း၊ မဖြစ်ခြင်းမှာ အင်္ဂယက် (ကီမိယား)တွင် အနည်းငယ်မှားသွားသည်နှင့်ရရှိပြီးသောအရာသည် အလုပ်ကိုပျက်စီးစေသည်။ ဤကိစ္စတွင်နဖူးစားလည်းအကြီးဝင်နေသည်။ နဖူးစာကောင်းသူတစ်ဦး ဤကိစ္စတွင်အောင်မြင်သွားသည်။ တခြားသူတစ်ဦးသည် အထူးကြိုးစားသော်လည်း ထိုအလုပ်ကိုအထမမြောက်ပေ၊ ကျွန်ုပ်သည် ယခင်ကဆေးနည်းတစ်မျိုး ကန့်လုပ်နည်းကို မိမိ၏စာအုပ်တချို့တွင် ရေးပြခဲ့သည်။ ဂုင်းရေးပြချက် မှန်ကန်ကြောင်းထောက်ခံစာများရရှိခဲ့ပါသည်။ ထောက်ခံစာတစ်စောင်တွင်ရေးထားသည်မှာ အလွန်ကြိုးစားပြီးမှ ကန့်ဆီရရှိခဲ့သည်။ ဂုင်းနှင့်ရွှေလဲလုပ်၍ရရှိခဲ့သည်။ ကြိုးစားမှုနှင့်စာလျင် အဖိုးအခရရှိသည်မှာ အလွန်နဲသည်။ သဘောကဆီ ၄-၅ စက်သာရရှိသည်။ ဆီများများစားစားရရှိရန် မည်သို့လုပ်ရမည်ကိုပြောပြပါ။ ဤစာအရ မိတ်ဆွေတို့ခန့်မှန်းကြည့်ပါ။ ကျွန်ုပ်သည် နှမြောတွန့်တိုခြင်းမရှိဘဲ မည်သို့ရေးသားဖော်ပြခဲ့ပါသနည်း။ ကျွန်ုပ်သည် ဤရောဂါရှိသူ သဘောကရွှေလုပ်လိုသည့်လောဘ

သမားမဟုတ်ပါ။ ရမက်လည်းမထားပါ။ အားလဲမအား လပ်ပါ။ ဝါသနာကတော့ပါသည်။ တချို့မိတ်ဆွေတို့၏ ဆေးနည်းများရရှိသဖြင့် မချွင်းမချန်ဖော်ပြခဲ့ပါသည်။ ယခုတချို့ကိုရေးပြမည်။

## ကန့်မှဆီထုတ်နည်း

ကြက်သွန်ဖြူကိုထုထောင်း၍ အရည်တပိဿာ ခန့်ရအောင်လုပ်ပါ။ ကန့်တစ်တိုလာကို သံဒယ်ပြားပေါ် တင်၍ အောက်မှမီးထိုးပါ။ မီးအေးအေးထိုးပါ။ ၎င်းအပေါ် တွင် ကြက်သွန်ဖြူအရည်ကိုတစ်စက်ချင်းချပါ။ ၎င်းအရည် သည် ကန့်တွင်စုပ်သွားပါစေ ၎င်းနောက်ထိုထဲတွင် (၃)မာ ရှာ کشتہ توتیا ရော၍ بتال جنتر ဖြင့်ဆီကိုထုတ်ပါ။

ဤဆီသည်အစွမ်းတအားထက်သည်။ နဖူးစာ ရှင်များစမ်းကြည့်ပါ။

**မှတ်ချက်။** ။ ဒုတ္တာကို کشتہ ဖြူလုပ်ရန်သည် ဤစာအုပ်နှင့်မပတ်သက်၍ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံမှ (နွယ်မြစ်သစ်ပင်ဆေးဘက်ဝင်) စာအုပ်တွင်ကြည့်ပါ။

## (၈၅) کشتہ ابرک سیاہ

၎င်းဆေးသည် ပန်းနာချောင်းဆိုး၊ အဖျား၊ သလိပ်ခဲ၊ အဆစ်အမြစ်နာတို့အတွက် အစွမ်းထက်၏။

လဒ်းအမဲ(၅)တိုလာကို ကြက်သွန်ဖြူရေ (၂၀)တို လာတွင် သုံးရက်တိတိမွေပါ၊ ထုချေပါ၊ စိမ်ပါ။ ၎င်း နောက် အဝကိုစို့ဖြင့်ပိတ်၍ ၂-ပိဿာခွဲ اپلہ၊ တွင် မီးအပူပေးပါ။ မီးတပူတွင်ပင် ကွရှိသာအဆင့်သင့်ဖြစ်ပြီ။

**အသုံးချနည်း**။ ။ တစ်ရသီ بدرقه ۔ ا پلون နှင့်သင့်လျော်သည့်ခန့်ပေးပါ။ အအေးမိသလိပ်ခဲသူတို့ အတွက်အကျိုးရှိသည်။

## ကွန့်ရှိသာမြေနီရှက်

**هوالشافی** ۔ ရှားဖောင်းတစ်တိုလာတွင် ကြက်သွန်ဖြူ(၁၀)တိုလာကို ကောင်းစွာထုထောင်း၍ရောပါ။ ဆေးတစ်မျိုးတည်း ပုံစံဖြစ်သွားပါစေ။ မြေအိုးတစ်ခုတွင် ကြက်သွန်ဖြူတစ်ဝက်ကိုထည့်၍ ကြား၌မြေနီမှုန့်ကို ထည့်ပြီး အပေါ်မှကျန်ကြက်သွန်ဖြူကိုထည့်၍ နည်းနည်းချင်းမရိုးနို့ရည်ကိုထည့်ပါ။ အတွင်းပိုင်းအထိစိုသွားပါစေ အိုးထိပ်ကိုကောင်းစွာပိတ်စို့၍ တစ်ပိဿာနှင့် ၂၅ိုးမှ ၂ပိဿာခွဲထိ ا پلون **جنگلی** ဓါမီးမြှိုက်ပါ။ အေးသွားသော အခါ ထုတ်ယူပါ။ **کشته برتال** သည် အလေးချိန်စီးသော အဖြူရောင်ထွက်လာလိမ့်မည်။

**အသုံးပြုနည်း**။ ။ ဘိန်းစေ့တစ်စေ့စာမှ လေးစေ့ခန့် မခန်းနွားနို့နှင့်အတူစားပါ။

**အကျိုး**။ ။ တီဗွီအဆုပ်နာ၊ ပန်းနာ၊ ချောင်းဆိုး၊ ရာသီပေါ်နာဆေး၊ ချောင်းဆိုးနာတာရှည်၊ ပန်းသေ၊ အဆစ်အမြစ်နာတို့ကို သက်သာပျောက်ကင်းစေသည်။ အမျိုးသမီးရောဂါသွေးဆင်းများခြင်း၊ နဲခြင်း၊ ခေါင်းကိုက်၊ ခေါင်းတစ်ခြမ်းကိုက်၊ ဒူးကိုက်နာ၊ ကျော၊ ရင်ဘတ်နာတို့ ကိုသက်သာပျောက်ကင်းစေသည်။

# နှောက်ဆုံးလက်ဆောင်တခု

သွေးလိပ်ခေါင်းကို မုချပျောက်စေသည်။

**ဆေးနည်း။** ။ ကြက်သွန်ဖြူ (၄)တိုလာကို အခွံနွာ၍ شیر ادمداد တွင်ထုထောင်းရောပြီး **مردارسنک** နှစ်တိုလာတွင်လိမ်းပေးပါ။ ဗူးစို့ဖြင့်အပေါက်ကိုပိတ်၍ ပံလှ၊ (ဂရီ)တွင်အပူပေးပါ။ ဤသို့ခုနှစ်ကြိမ်လုပ်ပါ။ ဆေးအသင့်ရပြီ။

**အသုံးချနည်း။** ။ ဆန်စေ့နှစ်စေ့မှ (၄)စေ့ထိ မခန်း(သို့)သကြားဖြင့်စားပါ။

**အကျိုးများ။** ။ သွေးလိပ်ခေါင်းအတွက်ကောင်း၏။




**ကွန်ပျူတာစာစီ**



မော်လဝီ ဟာဇိဇ် မုဟမ္မဒ်ဇူဗိုင်းရ်-ဗျဉ်းမနား (မဟ်မူဒီ)

အာရဗီ၊ အာရဒူ၊ အင်္ဂလိပ်၊ မြန်မာ စာစီစာရိုက်လုပ်ငန်းနှင့်

ခရီးဆောင်အိပ်ယာ၊ ခြင်ထောင်၊ သင်္ဘောပုံ(ကြိုးမဲ့)ခြင်ထောင်ချုပ်လုပ်ငန်း

အမှတ် ၄၅၊ ရှမ်းကုန်းလမ်း၊ ၇-လွှာ(ဝဲ)၊
မြေနီကုန်း/မြောက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့

# خواص لہسن

استاذ الحکماء حکیم محمد عبداللہ



Modern Electric Arts

asm NHIN SOE MOE